# သဘာဝအလင်း

မြန်မာ့လူမှုရေးရာအင်အားစုများအတွက် ဂျာနယ်



# သဘာဝအလင်း

Burma Relief Center (BRC) နှင့် Environment Desk (E-Desk) တို့ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွန်ယက် Network for Environment and Economic Development (NEED) မှ ပထမအကြိမ်ပုံနှိပ်ထုတ်ဝေ

1,000 အုပ်

Apil 2007

ပြုစုတင်ပြသူ **ခိုင်ရူဝံ**

အယ်ဒီတာ **ဒေးဗစ်လာဘလင့်၊ ကေသီရိုက်ဒ်**

ဒီဇိုင်း **စိုင်းမွန်း**

ဆက်သွယ်ရန်လိပ်စာ

P.O. Box 159

Mae Ping 50301

Chiang Mai, Thailand

e-mail: kdwneed@gmail.com

http://www.need-burma.org

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ကျေးဇူးတင်မှတ်တမ်း | ၁ |
| နိဒါန်း | ၂ |
| ထုတ်ဝေသူ၏အမှာစာ | ၃ |
| အမှုဆောင်ဒါရိုက်တာ၏ အမှာစာ | ၄ |
| ကျွန်ုပ်တို့မှပြည်သူများကိုယ်စား လိုလား ထောက်ခံ ပြောဆိုမှုများ | ၅ |
| လမုတောကြီးများပျက်စီးပြုန်းတီးခြင်း၊ ပုစွန်မွေးမြူခြင်းနှင့်<br>ကမ်းရိုးတန်းဒေသနေရခိုင်ပြည်သူတို့၏ဘဝအခြေအနေ (ခိုင်ရှုဝံ၊ ကေသီရိုက်ဒ်) | ၇ |
| မြန်မာနိုင်ငံ၌လယ်ယာမြေသိမ်းယူမှု<br>ဒါဘယ်သူပိုင်တဲ့လယ်ယာမြေလဲ (ခိုင်ရှုဝံ၊ ဒေးဗစ် လာဘလင့်) | ၁၇ |
| ရခိုင်ပြည်နယ်၏ ဆန်စပါးစိုက်ပျိုးရေးနှင့်<br>ဓါတုဓါတ်မြေသြဇာအသုံးပြုမှု သမိုင်းအကျဉ်း (ခိုင်ရှုဝံ) | ၂၄ |
| ရေရှည်တည်တံ့အောင်မြင်သော စိုက်ပျိုးရေးလုပ်ငန်းဆီသို့ (NEED) မှ အလေးထားဆောင်ရွက်မှု | ၃၀ |
| မြန်မာပြည်သူလူထုအကြားဖွံ့ဖြိုးရေးအစီအစဉ်စတင်ကျင့်သုံးလာစေရန်**NEED**၏ပဏာမချဉ်းကပ်မှုများ | ၃၂ |
| ကိုးကားချက်များ | ၃၃ |

# ကျေးဇူးမှတ်တမ်း

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွန်ယက်မှ ပထမအကြိမ် ထုတ်ဝေနိုင်စေရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပေးခဲ့သော စေတနာရှင်ဝန်ထမ်းများနှင့် ဤစာအုပ် အားလက်ခံရရှိ ဖတ်ရှု ခဲ့သော အများပြည်သူများအား များစွာ ကျေးဇူး တင်ရှိပါကြောင်းဦးစွာဖော် ပြလိုက်ပါ၏၊

အထူးသဖြင့်ဤ စာအုပ်ထုတ်ဝေနိုင်ရန် နှင့် NEED အဖွဲ့အစည်းအားထူထောင်နိုင်ရန် ငွေအား လူအားဖြင့် ကူညီဆောင် ရွက်ပေးခဲ့သော BRC နှင့် E-Desk အား များစွာကျေးဇူးတင်ရှိ သည့်အပြင်၊ သူတို့၏အတွေ့အကြုံ နှင့်အကြံဉာဏ်များဖြင့် ဆောင်ရွက်ပေးမှုသည်လည်းဤစာအုပ်ထုတ်ဝေရေးမှာ များစွာ အားရခဲ့ပါသည်။ ၎င်းအပြင် တိုင်းရင်းသားလူငယ်များ ဆုံရပ်မှ သင်တန်းသားများ၏ မမောမပန်း ကြိုးစားခဲ့သော သူတို့၏သုတေ သနမှတ်တမ်းများ အား မှီငြမ်းရပါ၍ လူငယ်များနှင့် ဦးဆောင်မှုပေးသူများကိုလည်း များစွာကျေးဇူးတင်ဂုဏ်ပြုအပ်ပေသည်။

နောက်ဆုံးအနေဖြင့် NEED ၏မူလရည်မှန်းချက် ပန်းတိုင်ဖြစ်သော အရပ်သားလူမှုအသိုင်းအဝိုင်းများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အားသွန်ခွန်စိုက်လုပ်ဆောင် ပေးမှုများအားလည်း ဤစာနှင့် အတူမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော် ပြအပ်ပေသည်။

## နိဒါန်း
## ကျွန်ုပ်တို့ဘယ်သူတွေဖြစ်ကြပါသလဲ

မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွန်ယက်(NEED) သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အခြေစိုက်၍ ဖွဲ့စည်းထားသော အကျိုးအမြတ်ခံစားခွင့်မရှိသော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်သည်။ ဤ အဖွဲ့ အစည်းကို ၂၀၀၆ ခုနှစ်၊ မတ်လမှ စတင်ဖွဲ့စည်းခဲ့သည်။ “စီးပွားရေးပတ်ဝန်းကျင် နှင့်လူမှုရေးဆိုင်ရာ ရေရှည်စီမံချက်များကို အခြေခံ၍ မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ အားလုံး လက်တွေ့ကျသော ဖွံ့ဖြိုးတိုးတက်သည့် အတတ်ပညာများမှ အကျိုး ကျေးဇူး ရရှိစေရန် ၊ မြန်မာ့လူ့အဖွဲ့အစည်း ခိုင်မြဲစေရေးအတွက် လုပ်ဆောင်ရန်” ဟူသော ရည်မှန်းချက်ဖြင့် တိုင်းရင်းသားလူမျိုး မခွဲခြားဘဲ ဖွဲ့စည်းထားသော ကွန်ယက်တစ်ခုဖြစ်သည်။ ထိုရည်မှန်းချက် အောင်မြင်စေရန် မြန်မာနိုင်ငံ အတွင်းတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး နှင့် စီးပွားရေး ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် အား သွန်ခွန် စိုက် ကြိုးပမ်းလျက် ရှိသည်။ ဤကဲ့သို့ လက်တွေ့ကျသော စိုက်ပျိုးရေး နှင့် စီးပွားရေး ရေရှည် ဖွံ့ဖြိုး တိုးတက်မှုကို တိုးမြှင့်ကူညီနိုင်စေရန် သာမန်လူထုအဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်ခြင်းနှင့် ၎င်းတို့ထံမှအသိပညာရရှိခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ခိုင်မာသော ကွန်ယက်တစ်ခု တည်ဆောက်နေခြင်းပင် ဖြစ်သည်။NEED အဖွဲ့ အစည်းတွင် ပါဝင်လုပ်ဆောင်နေကြသော ရခိုင်၊ကချင်၊ လားဟူ၊ ကရင်၊ ကရင်နီ၊ မွန် နှင့် ရှမ်းလူငယ်များသည် အသိပညာများ ဖလှယ်ခြင်း၊ ပြည်တွင်းရှိ လူ့အဖွဲ့အစည်းများကို ပညာပေးခြင်းနှင့်မှတ်တမ်းများစုစည်းခြင်းအားဖြင့် သက်ဆိုင်ရာဒေသများရှိ လူ့အဖွဲ့အစည်းများ၏ ဘဝလုံခြုံရေး၊အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ ထိုအချက်သည် မြန်မာနိုင်ငံအတွင်း ရေရှည် ဖွံ့ဖြိုး တိုးတက်မှု အတွက် ကျွန်ုပ်တို့ ၏ ပထမခြေလှမ်းပင် ဖြစ်သည်။ တနည်းအားဖြင့် NEED သည် သိပ္ပံပညာကို အသုံးပြုရန် တွန်းအားပေးသော်လည်း ရိုးရာအသိပညာဗဟုသုတများကို လည်း အသုံးချလျက် ရှိသည်။ ထိုအချက်နှစ် ချက်ကို ပေါင်းစပ်ခြင်းဖြင့် ရေရှည် ဖွံ့ဖြိုး တိုးတက်မှု လမ်းကြောင်းတစ်ခု ဖန်တီးနိုင်မည်ဟု ယုံကြည်ပါသည်။

ထိန်းသိမ်းမှုအတွက် ရိုးရာအသိပညာများအသုံးပြုခြင်းကို တိုးမြှင့်ခြင်းအားဖြင့် NEED သည် သာမန်လူထုများကို ပြည်တွင်းရှိဇီဝမျိုးကွဲများနှင့်ပက်သက်၍ ရေရှည်မတည်မြဲနိုင်သည့် ဘေးအန္တရာယ်ရှိသော လက်ရှိလယ်ယာ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု လမ်းကြောင်းကို စိန်ခေါ်ရန် တွန်းအားပေးခဲ့သည်။ ရေရှည်မတည်မြဲနိုင်သည့် ဖွံ့ဖြိုး မှုစနစ်များကို စိန်ခေါ်ရန် ကာလတို၊ ကာလရှည် စီမံကိန်းများဖြင့်အသိပညာပေးခြင်း၊ လှုံ့ဆော်ခြင်း နှင့် ပြဿနာရှိသော သတ်မှတ်ဧရိယာများတွင် လက်တွေ့ ဆောင်ရွက်နေခြင်းဖြစ်သည်။ မကြာမီက NEED မှ ပြည်တွင်းရှိ မြန်မာလူငယ်များကို ဓါတုဗေဒပိုးသတ်ဆေး အသုံးပြုခြင်း၏ ပြင်းထန်သောဆိုးကျိုးများကို မြန်မာနိုင်ငံ အနောက်ပိုင်းရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ ကျိုင်းတုံနှင့် တာချီလိတ်မြို့များတွင် စမ်းသပ်ပညာပေးခြင်းများ ပြုလုပ်လျှက်ရှိသည်။

နောင်အနာဂါတ်တွင် NEED သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့်ပတ်သက်သော တသီးပုဂ္ဂလ ပိုင်ဆိုင်မှု အခွင့်အရေးများ နှင့် ပတ်သက်၍အသိပညာများမြင့်မားလာစေရန်နှင့်တိုင်းရင်းသားများပိုင်ဆိုင်သည့်လယ်မြေများ ဇီဝမျိုးကွဲများကြွယ်ဝခြင်း၏ တန်ဖိုးကို လူငယ်တောင်သူလယ်သမားများနှင့်လူမှုရေးတွင်တက်ကြွလှုပ်ရှားသူ ကျောင်းသားများအား ပညာပေးရန် ဆောင်ရွက်လျှက်ရှိသည်။ နောက်ဆုံးစီမံကိန်းအရ ၂၀၀၇ ခုနှစ် ကုန်ပိုင်းတွင် ချင်းမိုင်မြို့အနီးရှိ စံပြစိုက်ပျိုးခင်း တစ်ခုပြုလုပ်ပြီး စတင်ကြိုးပမ်းလျှက်ရှိသည်။ ထိုလယ်မြေတွင် ရေရှည်စိုက်ပျိုးရေးလုပ်ငန်းကို လက်တွေ့ဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံမှ ပြည်တွင်း တောင်သူလယ်သမားများအတွက် လက်တွေ့ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်သည်။ ထို စံပြလယ်မြေ စိုက်ပျိုးခင်းတွင် လယ်သမားများ လက်တွေ့ ပြုလုပ်ခြင်းမှ ရရှိသော အသိပညာနှင့်သင်တန်းများကို မြန်မာပြည်တွင်းရှိ အခြား လယ်သမားများ ဆီသို့ ယင်းတို့ရရှိခဲ့သော နည်းပညာ အသစ်များ ကို ဖြန့်ဝေနိုင်ရန်NEED မှ ခေါင်းဆောင်မှု သင်တန်းများကို ပြုလုပ်လျှက်ရှိသည်။

## ထုတ်ဝေသူ၏အမှာစာ

ဤဂျာနယ်ထုတ်ဝေရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း တိုးတက်ပြောင်းလဲမှုကို ဦးတည်၍ စွမ်းအားအပြည့်ဖြင့် ဘက်ပေါင်းစုံမှ လုပ်ဆောင်နိုင်ရန်နှင့် အတူတကွကြိုးပမ်းကြရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် တိုင်းရင်းသားလူမျိုးမခွဲခြားဘဲ မြန်မာနိုင်ငံတဝှမ်းလုံးတွင် အတူတကွပေါင်းစည်းဆောင်ရွက်ကြရန်မျှော်မှန်းထားသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ကောင်းမွန်သောပြောင်းလဲမှုများအတွက်လုပ်ဆောင်နေကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးတယောက်ချင်းစီသို့ ပြောင်းလဲ လာသော ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်တည်ဆောက်မှု၊ မြန်မာ့လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ ကူညီဖေးမမှုများ စသည့် ယေဘူယျခေါင်းစဉ်များနှင့် သက်ဆိုင်သောဆောင်းပါးများပေးပို့ကြရန် မေတ္တာရပ်ခံပါသည်။

ထိုစာမူများကို kwdneed@gamail.com သို့ပေးပို့နိုင်ပါသည်။ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်နယ်ပေါင်းစုံမှ စာမူများကိုလည်း လက်ခံရရှိမည်ဟု မျှော်လင့်ပါသည်။ ဤနည်းအားဖြင့် ယင်းတို့ထံမှ မြန်မာနိုင်ငံအတွင်းဖြစ်ပေါ် နေသော ဆက်စပ်မှုရှိသည့်ကိစ္စရပ်များကို ဖြစ်နိုင်သမျှ ပြည့်စုံသော ပြန်လည်တင်ပြမှုများဖြင့် ရရှိဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထိုကဲ့သို့ ဝိုင်းဝန်းကူညီမှုများနှင့် ဤဂျာနယ်ကို ကမ္ဘာတဝှမ်းလုံးရှိ လူမှုရေးဆိုင်ရာစည်းရုံးလှုံ့ဆော်သူများအတွက် အကျိုးရှိစေရန် တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေမှုပြုနိုင်မည်ဟု ရည်မှန်းထားပါသည်။

ယခုထုတ်ဝေသောဂျာနယ်တွင် 2005 နှင့် 2006 နှစ်များအတွင်း တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးဆုံရပ် NYForum နှင့် NEED တို့မှရှေ့ဆောင်၍ အချက်အလက်နှင့် သုတေသနများ ပြုလုပ်၍တင်ပြထားပါသည်။ ယင်းသို့အဖိုးထိုက်တန်သော သတင်းအချက်အလက်များရရှိအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးမှုများမရှိလျှင် ဤကဲ့သို့ဖေါ် ပြထားသော မှတ်တမ်း တစ်ခုကို NEED မှ စုစည်းပြုလုပ်နိုင်မည်မဟုတ်ချေ။ ထို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့သူများကို ထုတ်ဝေသူများမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤဂျာနယ်တွင် ထူးခြားမှုတစ်ခုမှ NEED ၏ သုတေသနဆောင်ရွက်မှုများသည် ပြီးခဲ့သောနှစ်အတွင်း ရခိုင်ပြည်နယ်ကို အဓိကအခြေပြု၍ ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဂျာနယ်တွင်ပါဝင်သော ဆောင်းပါးအများစုသည် ထိုဆောင်ရွက်မှုများ ထင်ဟပ်နေပေလိမ့်မည်။ သို့သော်လည်း ဆက်လက်ထုတ်ဝေမှုများတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်သောအကြောင်းအရာများကို ပိုမိုဖေါ် ပြနိုင်ရန် ကြိုးပမ်းလျှက်ရှိသည်။

## အမှုဆောင်ဒါရိုက်တာ၏ အမှာစာ

**လေးစားအပ်ပါသော စာဖတ်ပရိသတ်များခင်ဗျား**

မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံးသည် မိမိတို့ကိုယ်ပိုင်သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ထားကြသူများ ဖြစ်ကြသည်။ သို့သော် လွန်ခဲ့သော အနှစ် (၂၀) ခန့်မှစ၍ ပြည်သူလူထုများ၏ မရှိမဖြစ်လိုအပ် နေသော စားနပ်ရိက္ခာ ဖူလုံမှုတမှု မရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း၊ လူ့အခွင့်အရေးလေးစား လိုက်နာမှုမရှိခြင်း စသည်တို့နှင့် ပတ်သက်၍ နိုင်ငံ တကာ အသိုင်းအဝိုင်း များနှင့်လေ့လာသူများမှ မတရားအာဏာရယူထားသော နအဖအစိုးရအား ပြင်းပြင်း ထန်ထန် ဝေဖန်မှု များပြုလုပ်လျှက်ရှိသည်။ မကြာသေးခင်က ဖြစ်ပျက်ခဲ့သော သဘာဝဘေးအန္တရာယ်ကပ်ဆိုးကြောင့် ပြည်သူလူထု အသက် ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး၊ မရေမတွက်နိုင်သော စိုက်ပျိုးမြေများပျက်စီးခဲ့ရသည့်အပြင် အခြားတဖက်မှာ လည်း အစိုးရ အနေဖြင့် ပတ်ဝန်းကျင်အား ကြိုတင်စမ်းသပ် လေ့လာမှုမရှိဘဲ ကြီးမားကျယ်ပြန့်သည့် စီးပွားရေးစီမံကိန်း များဖြစ်သော စက်ရုံ၊ ရေကာတာကြီးများနှင့် ရေနံနှင့် ဓါတ်ငွေ့ ပိုက်လိုင်းများတည်ဆောက်လာမှုကြောင့် ရေထု၊ လေထုညစ်ညမ်းကာ ဒေသခံ ပြည်သူလူထုများမှ ရောဂါဘယ ပေါင်းစုံနှင့် ရင်ဆိုင်ခံစားနေကြသည်သာမက သဘာဝဘေးန္တရာယ်ဆိုးများနှင့် မကြာခဏ ကြုံရပေလိမ့်မည်။

ယခုလိုအခြေနေများကြောင့် ကျွန်တော်တို့သည် မြန်မာနိုင်ငံအားရေရှည်တည်တံ့ခိုင်းမြဲပြီး တိုးတက်ပြောင်းလဲ နိုင်ရန် တက်ကြွစွာ ဖြင့်တခြားမဟာမိတ်များနှင့် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပေသည်။ ထို့ကြောင့် ကျွန်တော်တို့၏ ယုံကြည် ချက်အရ အားလုံးသော မြန်မာပြည်လူထုအဖွဲ့အစည်းများဖွံ့ဖြိုးတိုး တက်မှုရှိလာ စေနိုင်ရန်နှင့် အားပေးလုပ်ဆောင်ကြရန် လိုအပ်နေပေသည်။ သို့မှသာ အနာဂါတ်တွင်မြန်မာနိုင်ငံသားများလုံး နှင့်အတူ တိုင်းပြည်လည်း ရေရှည်တည်တံ့ ခိုင်မြဲနိုင်ပေလိမ့်မည်။

စစ်အစိုးရအနေဖြင့်တိုင်းပြည်ကို (၁၉၆၂) နှစ်မှစ၍ အတင်းအဓမ္မ အာဏာသိမ်းယူသွားသည့်အချိန်မှစကာ ညီအစ်ကို မောင်နှမ ကဲ့သို့နေထိုင်လာခဲ့ကြသော ပြည်သူများ အချင်းချင်း စတင်ပြီးစစ်ခင်းရလေတော့သည်။ ၎င်းတို့ ၏လွတ်လပ်မှု တစ်ခု အတွက် နေရာအနှံ့အပြား၌ လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့သော်လည်း၊ တစ်ခုတည်း သောဘုံမူဝါဒရေးရာမှာ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု နှင့် တရားမျှတမှုတို့ ဖြစ်ပါသည်။ ထို့ကြောင့် ဤဆုံး ရှုံးမှုများအား ရယူကြရန် ခက်ခက်ခဲခဲကြိုးစားရမည်မှာ မြန်မာ ပြည်သူများ အားလုံး၏ တစ်ခုတည်း သော တာဝန် ဖြစ်ပေလိမ့်မည်။

ယခုစစ်အစိုးရအနေဖြင့်လည်း ခေတ်အဆက်ဆက်အုပ်ချုပ်လာသော အစိုးရများကဲ့သို့ မြန်မာပြည်သူလူ ထုများအား ဖိနှပ်ချုပ်ချယ်မှုမှာသူတို့၏ တစ်ခုတည်းသောယုံကြည် ဦးတည်ချက်ဖြစ်နေပေသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ရွေးချယ်စရာလမ်းစတခုမှာ မြန်မာနိုင်ငံအတွက် လှုပ်ရှားနေသော လူမှုရေးအင်အားစုများ အနေဖြင့် တစ်ဆင့်ခြင်း တစ်ဆင့်ခြင်း မြန်မာပြည်တွင်းရေးအခြေအနေ ဘက်စုံတိုးတက်ပြောင်းလဲလာစေရန် ဦးဆောင်ဦးရွက်ပြုသူများပြားလာမှ အခြေခံ ကျသော သော့ချက်တခု ဖြစ်နေပေသည်။

စစ်အစိုးအရအနေဖြင့် အနှစ်(၄၀) အတွင်း တိုင်းပြည်ကို ဖွံ့ဖြိုးမှုလမ်းကြောင်းသို့ ပို့ဆောင်ခဲ့သော်လည်းဘဲ၊ ယခုအချိန်သည် ကျနော်တို့၏ လက်ထဲ ရောက်ရှိလာပြီဖြစ်သည်။ NEED ၏ကြိုးပမ်း၍ထုပ်ဝေလိုက်သောဂျာနယ် ဆောင်းပါးများမှ သတင်းအချက်အလက်များအား လူမှုရေးလှုပ်ရှားသူများအတွက် ပေးဆပ်မှုတခုဖြစ်ပေလိမ့်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း

လေးစားလျက်

**ခိုင်ခူဝံ**
အမှုဆောင်ဒါရိုက်တာ
သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွန်ယက်

## ကျွန်ုပ်တို့မှပြည်သူများကိုယ်စား လိုလား ထောက်ခံ ပြောဆိုမှုများ

### လူမှုအသိုင်းအဝိုင်းများနှင့် ရပ်ရွာအဖွဲ့အစည်းများသို့

★ ဖွံ့ဖြိုးတိုးတက်စေပြီး၊ ရေရှည်တည်တံ့ခိုင်မြဲစေမည့် သဘာဝပတ်ဝန်းကျင် နှင့် စိုက်ပျိုးရေးစီမံကိန်းများကို မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ အကောင်အထည် ဖေါ်ဆောင်နိုင်ရန်နှင့် ထိန်းသိမ်းစောင့် ရှောက်ကြစေရန် မိသားစုအလိုက် သော်လည်းကောင်း၊ ရပ်ရွာအဖွဲ့အစည်းအလိုက်သော်လည်းကောင်းယခု အချိန်မှစ၍ ဆောင်ရွက်ကြစေရန် တိုက်တွန်းအပ်ပေသည်။

★ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်စားသောက်လာကြသော လယ်ယာမြေများ၌ ဓါတုမြေသြဇာများ ကိုအကျိုး အကြောင်း ဆီလျော်မှုမရှိသုံးစွဲလာမှုကြောင့် မြေဆီလွှာခန်းခြောက်လာမှုကို ကာကွယ်ကြရန် လယ်သမားတိုင်း တာဝန်ရှိသလို မျိုးဆက်သစ်လူငယ်များ အားနား လည် သဘော ပေါက်စေရန် မိမိတို့အချင်းချင်း ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများကို ပြုလုပ်သင့်ပေသည်။

★ ကြီးမားကျယ်ပြန့်သည့်စက်မှုစွမ်းအားနှင့် စိုက်ပျိုးရေးစီမံကိန်းများမှလောင်စာဆီအဆမ တန်သုံး စွဲ၍ ရေထု၊ လေထု ညစ်ညမ်းမှုများကြောင့် ရာသီဥတုဖေါက်ပြန်ပြီး ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ် ပေါ် လာသောဆိုးကျိုး များ၊ ဘေးဒုက္ခများသည် ကျေး လက်နေလူထုများ နှင့် ဆင်ရဲသားများကို များစွာ သက်ရောက်နိုင်၍ ကျွန်ုပ်တို့အား လုံး ဝိုင်းဝန်းကာကွယ်ကြရန်နှင့် အစဉ်တစိုက်စည်းရုံးလှုံ့ ဆော်မှုများပြုလုပ်သင့်ပေသည်။

★ ပင်လယ်မြစ်ချောင်းများအနီးပတ်ဝန်းကျင်၌ ဒီရေရောက်သစ်တောများပြုန်းတီးမှု၊ တောင်ပေါ် သစ်တောကြီးများပြုန်းတီးမှုနှင့် တောရိုင်း တိရစ္ဆာန်များအား စည်းကမ်းမဲ့ သတ်ဖြတ်မှုကို ဒေသခံ လူများ အနေဖြင့် တတ်နိုင်သည့် နည်းလမ်းဖြင့် ထိန်းသိမ်း စောင့် ရှောက်ကြရန် များစွာလိုအပ်သည်။ (ဥပမာ။ ကိုးကွယ်ယုံကြည်မှုအရ၊ ဓလေ့ရိုးရာနှင့် ဗဟုသုတများ)

★ ဒေသခံပြည်သူများနှင့် တောင်သူ၊ လယ်သမားများအနေဖြင့် စိုက်ပျိုး စားသောက် လာကြသော စပါးနှင့် ကောက်ပဲသီးနှံ၊ အမျိုးအစားများအားလုံးကို နောင်လာ မည့်မျိုး ဆက်များ ဖြစ်သော လူသား နှင့် သတ္တဝါများအားလုံးနှစ် ပေါင်း များစွာမှီခိုအား ထား အသက်ရှင်ကြရန် အတွက် ဇီဝမျိုးတူ မျိုးကွဲများအားလုံးအားတတ်နိုင်သည့် နည်းလမ်းဖြင့်ထိမ်းသိမ်း စောင့်ရှောက်ထားကြရန် များစွာတာဝန်ရှိပေသည်။

### ဒေသခံအာဏာပိုင်များနှင့် အနာဂါတ် ခေါင်းဆောင်များသို့

★ ဒေသခံအာဏာပိုင်များနှင့်၊ စစ်အစိုးရခေါင်းဆောင်များအနေဖြင့် ဒေသခံပြည်သူများ၏ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စားသောက်လာကြသော လယ်ယာမြေများ အလဟဿသိမ်းယူခြင်း၊ မိမိတို့ကိုယ်ကျိုးအတွက်သိမ်း ယူခြင်းများနှင့် အသုံးပြုခြင်း များအား ၎င်းတို့၏လက်ဝယ်များ၌ လုပ်ပိုင်ခွင့်ရရှိနိုင်ရန် တာဝန်ရှိသည်။

★ လက်ရှိအုပ်ချုပ်နေသောအစိုးရ (သို့)နောင်လာမည့်ဒီမိုကရေစီ အစိုးရများအနေဖြင့် ယခုအချိန် ကစပြီး ဒေသခံပြည်သူများအား မိမိတို့ ကိုယ်တိုင်လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ရပ်ရွာ အဖွဲ့အစည်းများကို လွတ်လပ်စွာ ထူထောင်ပိုင်ခွင့်များအား ခွင့်ပြုရမည့်အပြင် အားပေးအား မြှောက်လည်း ပြုလုပ်သင့်သည်။

★ ပမာဏနည်းပါးသော လယ် မြေဧရိယာတွင်း သီးနှံမျိုးစုံကိုစိုက်ပျိုး ထုတ်လုပ်နိုင်သည့် စနစ်များကို တီထွင်လုပ်ကိုင် ဆောင်ရွက်ရန် လယ်သမားများ အားလွတ်လပ်စွာ သီးနှံများ ရွေးချယ်ခွင့်၊သို လှောင်ပိုင်ခွင့်နှင့် သယ်ယူ ဖလှယ်ပိုင်ခွင့် အခွင့်အရေးများအား အပြည့်အဝ ပေး၍ လုပ်ဆောင်စေ သင့်ပါသည်။

**နိုင်ငံတကာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့**

★ နိုင်ငံတကာ အစိုးရများအားလုံးနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ အနေဖြင့် တကမ္ဘာ လုံး၌ ရေရှည်တည်တန့်ခိုင်မြဲမှုကိုဦးတည်စေသည့် စိုက်ပျိုးရေးစီမံကိန်းနှင့် အသစ်တဖန် ပြုပြင် ထုတ်လုပ်နိုင်သော စွမ်းအင်ထုတ်လုပ်မှု အမျိုးအစားများအားကောင် အထည်ဖေါ် ဆောင်ရွက်မှုများကို အားပေး အားမြောက်ပြုသင့်ပေသည်။

★ တကမ္ဘာလုံးမှများစွာသောပြည်သူလူထု တို့ယခုရင်ဆိုင်နေကြရသော ကုန်စျေးနှုန်းတိုးတက်မှုကြောင့် ဆင်းရဲမွဲတည်ပြီး အငတ်ဘေးနှင့်ကြုံတွေ့ နေရသည်ကို အစိုးရမှ မျက်ကွယ်ပြုမထားသင့်ဘဲ ၄င်းတို့၏ အမှန်တကယ်လိုအပ်ချက်များအား တိုက်ရိုက် ကူညီနိုင်ရန် ရပ်ရွာ အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့ အစည်းများနှင့်ပူးပေါင်းလုပ်ဆောင်ကြစေရန် တိုက်တွန်းအပ်ပါသည်။

★ သဘာဝပတ်ဝန်းကျင် နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွန်ယက်သည် မြန်မာနိုင်ငံအားရေရှည်ဖွံ့ဖြိုးရန် ဦးတည်လုပ် ဆောင်နေသော်လည်း အိမ်နီးနားချင်းနိုင်ငံများ၊ နိုင်ငံတကာအသိုင်းအဝိုင်းများနှင့်သဘာဝ ပတ် ဝန်းကျင် နှင့် ရေရှည်စိုက်ပျိုးရေးလုပ်ငန်းများအား ပိုမိုအကောင်အထည်ဖေါ် ဆောင်ရွက်နိုင်စေရန် လိုအပ်သော ကူညီပံ့ပိုးမှုများအား ပိုမို ကူညီကြစေနိုင်ရန် တောင်း ဆိုအပ်ပေသည်။

# "လမုတောကြီးများပျက်စီးပြုန်းတီးခြင်းပုစွန်မွေးမြူခြင်းနှင့်ကမ်းရိုးတန်းဒေသနေရခိုင်ပြည်သူတို့၏ဘဝအခြေအနေ "

(ခိုင်ရူဝံ၊ ကေသီရိုက်ဒ်)

ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် အလျှံပယ်ပေါက်ရောက်တွေ့ရှိရသော လမုတောကြီးများသည် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းမြစ်ကြီးတစ်ခု ဖြစ်သည်၊ သို့သော်အဆိုပါလမုတောကြီးများသည် လျှင်မြန်စွာ ပျက်စီးပြုန်းတီးမှုကံကြမ္မာနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ လူသားများကြောင့်ပြုန်းတီးကွယ်ပျောက်သွားရသော လမုတောများ အဖို့ အသစ်တဖန်ပြန်လည်ပေါက်ရောက်ရန်မှာ မလွယ်ကူချေ။ ကမ်းရိုးတန်းတလျှောက်နေ မြန်မာ့လူ့အဖွဲ့အစည်းတို့၏ လူမှုစီးပွားဘဝရပ်တည်ချက်များပေါ်တွင် လမုတောကြီးများက အရေးပါသောဝတ္ထုပစ္စည်းတို့ကို ကာလတာရှည်စွာ ဖန်တီး ပေးခဲ့ကြပြီးဖြစ်သည်။ အထူးသဖြင့်ရခိုင် ပြည်သူတို့၏ လူမှုဘဝ ရပ်တည်မှုအတွက် ဤလမုတောကြီးများ၏ အကျိုး ကျေးဇူးကား ကြီးမားလှပေသည်။ ရခိုင်ပြည်နယ် ၌ လမုတော (၄၁၄၄၇၇) ဧကရှိရာ ရခိုင်ပြည်သူများအနေဖြင့် ခေတ်အဆက်ဆက် ထို လမုတောများမှရရှိသော ပစ္စည်းများနှင့် ၎င်းတို့၏ အသုံးဝင်မှု အပေါ်တွင်လုံးလုံးလျားလျားမှီခိုနေကြရသည်။ အခြေခံ လောင်စာနှင့် အိမ်ဆောက် ပစ္စည်းတို့အတွက်လည်း လမုတောများမှထုတ်ယူရရှိသော သစ်ကိုအသုံးပြုနေကြရသည်။ တဖန် ရေနေတိရစ္ဆာန်များ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ဆေးဘက်ဝင်အပင် စသည်တို့ကိုလည်း လမုတောများ၌ ပေါများစွာတွေ့ရသည်။ လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်တာ ကာလအတွင်းတွင် ရခိုင်ပြည်နယ်၌ လမုတောများ အကြီးအကျယ်ပျက်စီးပြုန်းတီး သွားခဲ့ရသည်။ သို့သော်လည်း ဒေသခံ ပြည်သူတို့၏ သမားရိုးကျလယ်ယာမြေ အသုံးပြုမှုကြောင့် ပျက်စီးသွားရသော လမုတောပမာဏမှာ မဆိုစလောက်သာ ဖြစ်သည်။(NEED)၏သုတေသနပြုလုပ်ချက်အရ ၁၉၉၂–၂၀၀၆ နှစ် အတော အတွင်း ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရှိလမုတောပမာဏ ၈၄ ရာခိုင်နှုန်းခန့် ခုတ်ထွင်ရှင်းလင်းခြင်း ခံလိုက်ရသည်။ အထက်ပါ လမုတောပျက်သုန်းမှုနှုန်းထားမှာ ရခိုင်ပြည်နယ်တောင်ပိုင်းမြို့နယ်တို့နှင့်နှိုင်းယှဉ်လျှင် သိသိသာသာ လျော့နည်းနေသော်လည်း ဒေသခံများနှင့် သုတေသီများက ၎င်းတောများပြုန်းတီးပျက်စီးမှုပမာဏမှာ ရခိုင်ပြည် အဝှမ်းရှိ တောများ ပြုန်းတီးပျက်စီးမှု ပျမ်းမျှပမာဏနှုန်းထားနှင့် တူညီနေသည်ဟု တွက်ချက်ခန့်မှန်းထားကြသည်။



**ဆားငံရေကြောင့် ပျက်စီးနေသော လမုတော**

ဤကဲ့သို့အရှိန်အဟုန်ဖြင့် လမုတောများပျက်စီးလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ပုစွန်မွေးမြူခြင်း၊ သစ်ထုတ်လုပ်ရောင်းချခြင်းနှင့် နအဖ အစိုးရပိုင်စီးပွားရေးစီမံကိန်းများကြောင့်ပင်ဖြစ်သည်။ လမုတောများအား ဖျက်ဆီးခြင်းကိုဥပဒေအရတားမြစ်ထားသော်လည်း လက်တွေ့တွင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိချေ။ လမုတောများပျက်စီးလာသဖြင့် ကမ်းရိုးတန်းဒေသနေ ရခိုင်ပြည်သူတို့၏ စီးပွားရေးမှာတဖြည်းဖြည်းကျဆင်းလာပြီး အများ ပြည်သူတို့ မျှဝေအသုံးပြုနေကြသော မြေနေရာများသည်လည်း လုံးဝနီးပါးပျောက်ကွယ်သွားရပြီဖြစ်သည်။ ထိုကဲ့သို့ အကန့်အသတ်မရှိ သဘာဝအရင်းမြစ်ကြီးတစ်ခုအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်နေခြင်းသည် ကမ်းရိုးတန်းဒေသနေ ရခိုင် ပြည်သူတို့၏ အသက်ရှင်ရပ်တည်မှုအားခြိမ်းခြောက်နေခြင်းပင်ဖြစ်လေသည်။

## "လမုတော၏အကျိုးကျေးဇူးများ"

၁၉၉၈ အရေးအခင်းကြောင့်စစ်တပ်ထိန်းချုပ်မှုမချဲ့ထွင်မီကာလ၌ လမုတောကြီးများမှာ ကမ်းရိုးတန်းတလျှောက်ပြည့်နှက်ပေါက်ရောက်လျက်ရှိခဲ့ကြသည်။ အနီးပတ်ဝန်းကျင်နေဒေသခံများသည်လည်း ထိုလမုတောများ၏ အကျိုးကျေးဇူးကို

မှုဝေခံစားခွင့် ရရှိခဲ့ကြလေသည်။ လမုတောများ၌ အပင်နှင့်တိရိစ္ဆာန်မျိုးစုံတို့ကို ပေါပေါများများတွေ့ရသဖြင့် ဒေသခံ ပြည်သူများ အဖို့အစာရေစာအလွယ်တကူရရှိနိုင်ခဲ့သည်။ မျောက်သား၊ ဝက်သား၊ ဂဏန်း၊ ပုစွန်နှင့် အခြားသော သားငါးသီးနှံတို့ကို လမုတောများမှ ရရှိခဲ့ကြသည်။ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအား အလျံပယ်တွေ့ရှိရပြီး တချို့သော အသီးအနှံတို့သည် ဆေးဘက်နယ်ပယ်၌ အသုံးဝင်လှပေသည်။ လမုပင်တို့သည် အောက်ဆီဂျင်ထုတ်လွှတ်မှုနှင့် လေထုအပူချိန် ထိန်းချုပ်မှုတို့ကို လုပ်ဆောင်ပေးသည်။ တဖန်လမုတောများမှ ထုတ်ယူရရှိသောသစ်ကိုလည်း ရခိုင်ပြည်နယ် ကျေးလက်ဒေသများ၌ အခြေခံ လောင်စာအတွက်ထင်းအဖြစ်သော်လည်းကောင်း အိမ်၊ ကျောင်း၊ တံတားနှင့် သာသနာ့ အဆောက်အဦးများ ဆောက်လုပ်ရာ တွင်လည်းကောင်း မရှိမဖြစ်အသုံးပြုနေကြရသည်။ လမုတောများ၌ငါးနှင့်ကဏန်း၊ ပုစွန်ဖမ်းယူခြင်းနှင့်သစ်သီးဝလံများ ဆွတ်ခူးရရှိခြင်းဖြင့် ဒေသခံရွာသူရွာသားများ၏ ဝင်ငွေရရှိမှုသည် ခေတ်အဆက်ဆက် ထိုလမုတောများအပေါ်တွင် အကြီး အကျယ်မှီခိုနေခဲ့ကြရသည်။ ကျွဲနွားများအတွက် လမုတောများမှာ အကောင်းဆုံး စားကျက်တစ်ခုအဖြစ် တည်ရှိနေကြသော ကြောင့်ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းသည်ပင် ထိုလမုတောများအပေါ်တွင် လုံးလုံးလျားလျားမှီခိုနေရလေသည်။

လမုတောများသည် ကမ်းရိုးတန်းနေ လူ့အဖွဲ့အစည်းတို့၏ လူမှုဘဝရပ်တည်မှုအတွက် အထောက်အကူပြုနေခဲ့သည် သာမက ဆိုးဝါးပြင်းထန်လှသောရာသီဥတုဒါဏ်မှလည်းအရေးပါသော အကာအကွယ်ကြီးတစ်ခုအဖြစ်တည်ရှိနေခဲ့သည်။ ဤတောများမှာပင်လယ်ပြင်နှင့် ကုန်းပိုင်းကြား၌ကြားခံဇုံအဖြစ်တည်ရှိနေကြသောကြောင့် မြေပြိုခြင်းနှင့် ကမ်းရိုးတန်း မုန်တိုင်း ဒါဏ်တို့ကိုလည်းကာကွယ်တားဆီးပေးကြသည်။ တဖန်၎င်းလမုတောများသည် ရေကြီးခြင်း၊ ဆိုင်ကလုံးမုန်တိုင်း မွှေနှောက် တိုက်ခိုက်ခြင်း စသောကံကြမ္မာဆိုးတို့အတွက် သဘာဝအတားအဆီးကြီးတစ်ခုအသွင်ဖြင့် တည်ရှိနေကြရုံသာမက ၎င်းတောများ၏ ဂေဟစနစ်ကိုကြည့်ခြင်းဖြင့်လည်းရာသီဥတုအန္တရာယ်ကိုကြိုတင်တွက်ဆနိုင်ပေသည်။ ရပ်ရွာများရှိ သက်ကြီးရွယ်အိုများ၊ တံငါသည်များနှင့်တောင်သူလယ်သမားများသည်လမုတောများထဲရှိပြောင်းလဲမှုအခြေအနေများကို ကြည့်ရှုခြင်းဖြင့်ဖြစ်ပေါ်လာမည့် ရာသီဥတုအန္တရာယ်တို့အတွက် ကြိုတင်ကာကွယ်ရန်ပြင်ဆင်ခွင့်ရကြလေသည်။ ဥပမာအားဖြင့် လမုတောများထဲရှိရေအိုင်၊ ရေခွက်များ၌ရေကြည်လင်နေလျှင်ရေကြီးခြင်းလက္ခဏာကိုပြပြီး လိပ်၊ ဂဏန်း များသစ်တုံးသစ်ငုတ်များပေါ်တက်နေသည်ကိုတွေ့လျှင်မကြာမီရေလွှမ်းမိုးမည့်လက္ခဏာကိုပြသနေခြင်းပင်ဖြစ်သည်။

**“ပုစွန်မွေးမြူခြင်းကြောင့်လမုတောများအကြီးအကျယ်ပြုန်းတီးရခြင်း”**

ယခင်ရှိနေခဲ့သော ခန့်မှန်းခြေလမုတော ၈၄ ရာခိုင်နှုန်းခန့် ပြုန်းတီးပျက်စီးခဲ့ရပြီဖြစ်သည်။ ထို့ကြောင့်အရေးပါ လှသည့် သဘာဝအရင်းမြစ်ကြီးတစ်ခုဆက်လက်တည်တန့်ရန်မည်သို့မျှအာမခံချက်မရှိတော့ချေ။ သစ်ထုတ်လုပ်ရောင်းချမှုနှင့် နအဖ ပိုင်စီးပွားရေးလုပ်ငန်းများချဲ့ထွင်လာခြင်းတို့ကြောင့်လမုတောများပျက်စီးလာရပေသည်။ ယနေ့ထက်တိုင် လမုတောများ အများအပြားပျက်သုန်းလာရခြင်း၏ အဓိကအကြောင်းအရင်းနောက်တစ်ခုမှာ ပုစွန်မွေးမြူခြင်းပင်ဖြစ်သည်။ သမရိုးကျ ပုစွန် မွေးမြူရေးစနစ် (Extensive Method of shrimp farming) သည် ကာလတိုအတွင်း ငွေကုန်ကြေးကျ သက်သာခြင်း၊ လုပ်အား အင်အားအနည်းငယ်သာလိုအပ်ခြင်း၊ အဆင့်မြင့်နည်းပညာများ မလိုအပ်ခြင်းတို့ကြောင့် ရခိုင်ပြည်နယ်ရှိ မွေးမြူရေး လုပ်ငန်းများတွင်သာမက ကမ္ဘာတဝှမ်းလုံး၌ပင် ဤနည်းပညာအားအသုံးပြုလျှက် ရှိသည်။ သမားရိုးကျ ပုစွန်မွေးမြူရေးစနစ် ဆိုသည်မှာ မိရိုးဖလာပုစွန်မွေးမြူခြင်းကို ဆိုလိုသည်။ ထို့ကြောင့် မိရိုးဖလာ ပုစွန်မွေးမြူရေးနှင့် တာရှည် ခံသော ကျယ်ကျယ် ပြန့်ပြန့်ပုစွန်ထုတ်လုပ်မှုအကြား ကွာခြားချက်ကို သတိပြုရန်လိုအပ်ပေသည်။ အခြားစနစ်များနှင့် မတူညီသည့်အချက်က သမရိုးကျပုစွန်မွေးမြူရေးစနစ် (Extensive Method) ၌ရေတွင်ဓါတုဆေးဝါးများမထည့်ပေ။ ကမ်းရိုးတန်းရှိ မြေနေရာ ကျယ်ကျယ်ပြန့်ပြန့်သာ လိုအပ်ပေသည်။ လမုတောများမှာ ပင်လယ်ရေမျက်နှာပြင်နှင့် ကုန်းပိုင်း ရေချိုကြား ဒီရေတော တဝက် တပျက်ရောက်ရှိသော ကမ်းပါးတွင်ပေါက်ရောက်နေကြသောကြောင့် ၎င်းကမ်းပါးများရှိ ရေအိုင်များမှာ ပုစွန်ကန်အဖြစ် အသုံးပြုရန် အကောင်းဆုံးနေရာများဖြစ်ကြသည်။ ၎င်းရေအိုင်များသည် ပင်လယ်ဆားငံရေကို လွယ်ကူစွာရရှိနိုင်ပြီး ပုဇွန်ကြီးထွားခြင်းနှင့်ဖမ်းယူခြင်းတို့အတွက်တသီးတခြားတည်ရှိနေသောနေရာများဖြစ်ကြသည်။ ထို့ပြင်နေ့စဉ်နေ့တိုင်း ဒီရေအတက်အကျရှိနေသောကြောင့် ၎င်းဧရိယာများရှိပုစွန်ကန်များ၌ ရေဝင်ရေထွက်စနစ် တည်ဆောက်ရန်မလိုအပ်ပေ။ လမုတောများထူထူထပ်ထပ် ပေါက်ရောက်ရာမြစ်ဝကမ်းပါးများရှိ ရေအိုင်တို့မှာ ပုစွန်ပေါများခြင်းနှင့်ဇီဝမျိုးပွားမှု ကောင်းမွန်

သောနေရာများဖြစ်သောကြောင့် ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက်အဖိုးမဖြတ် နိုင်သောနေရာများဖြစ်ကြသည်။

ထို့ကြောင့်ပုစွန်မွေးမြူရေးလုပ်ငန်းအများစုအတွက် လမုတောများမှာ သဘာဝအရဖန်ဆင်းပေးထားသော စက်ရုံများ အဖြစ် တည်ရှိနေကြလေသည်။ ပုစွန်ကန်များ၌ပုစွန်များအားအစာကျွေးရန်လည်းမလိုအပ်ပေ။ အဆိုးဆုံးတစ်ခုက ပုစွန်ပိုမို ထွက်ရှိစေရန်အတွက် လမုပင်များအားရှင်းလင်းခုတ်ထွင်လိုက်ခြင်းပင်ဖြစ်သည်။ လမုပင်ရှိနေလျှင်ငါးများ၊ ခိုလှုံလာကြပြီး ပုစွန်များအား စားပစ်လိုက်ကြသည်ဟု(NEED) အဖွဲ့ဝင်များနှင့်တွေ့ဆုံမေးမြန်းခန်း (အင်တာဗျူး) ၌ ရခိုင်လယ်သမားများက ပြောကြားခဲ့ကြသည်။ ကမ်းရိုးတန်းနေ တချို့လယ်သမားများမှာလည်း လမုပင်များမှထုတ်ပေးသည့် နိုင်ထရိုဂျင်ဒြပ်ပေါင်း(Nitrogen Compound) မှာပုစွန်ကြီးထွားနှုန်းအား နှောင့်နှေးစေသည်ဟု ယူဆထားကြလေသည်။ ထို့ကြောင့်လမုပင်များမှာ ပုစွန်ကန်များနှင့် ဖီလာဆန့်ကျင်ဖြစ်နေကြသည်။ ဒေသခံများက 'ပုစွန်ကန်ပိုင်ရှင်များက လမုပင် တွေကိုမခုတ်လဲဘဲ ထားရင်တောင် မကြာခင်အဲဒီအပင်တွေသေကုန်ကြမှာပါ' ဟုရှင်းပြလေသည်။ ပုစွန်ကန်များ၌ ကျန်ရစ်ခဲ့သော လမုပင် (၇၅) ရာခိုင်နှုန်း ခန့်မှာလည်း ဆားငံရည်နှင့်အလွန်အကျွံထိတွေ့မှုကြောင့် သေဆုံးသွားကြလေသည်။ သမားရိုးကျပုစွန်မွေးမြူရေးစနစ်(Extensive Method of shrimp farming) သည် လမုပင်များ ရှင်သန်ပေါက်ရောက်ကြီးထွားမှု တို့အတွက် အတားအဆီးတစ်ခု ဖြစ်နေသည်။ အကြောင်းမှာ မြစ်ချောင်းများ ပိတ်ဆို့ခံလိုက်ရသဖြင့် ဒီရေအတက် အကျဖြင့် လမုမျိုးစေ့များ အခြားနေရာ ဒေသများသို့မရောက်ရှိနိုင်ကြတော့ချေ။ လမုတောများ ကိုခုတ်ထွင်ရှင်းလင်းလိုက် သော ကြောင့် ပုစွန်လည်းရှားပါးသွားပေလိမ့်မည်။ သမားရိုးကျပုစွန်မွေးမြူရေးစနစ်သည် လမုတောများပြုန်းတီးမှုနှင့် ပုစွန် ရှားပါး ကွယ်ပျောက်သွားမှုဆီသို့ ဦးတည်နေခြင်းသာဖြစ်လေသည်။ လမုတောများ တည်ရှိခဲ့ရာမြစ်ဝချောင်းဝများ၌ ပုစွန်ကန်များ တွင်ပုဇွန်ထုတ်ယူရရှိမှုမှာ နှစ်နှစ် သုံးနှစ်ကာလအတွင်းသာဖြစ်သည်။ ၎င်းနောက်ပိုင်းအဆိုပါကန်များမှာ လုံးဝ သုံးမရတော့ချေ။ ဆားငံရေနှင့် အညစ် အကြေးများ ဖုံးလွှမ်းကျန်ရစ်ခဲ့သောကြောင့် ၎င်းနေရာများ၌ လမုပင်များထပ်မံ မပေါက်ရောက် ကြတော့ချေ။ လယ်ယာမြေ အဖြစ်လည်း အသုံးမဝင်ဘဲဖြစ်သွားရလေသည်။ ထို့ကြောင့် သမားရိုးကျ ပုစွန်မွေးမြူရေးစနစ်၏ အကျိုးရလဒ်မှာ အညစ် အကြေးများနှင့် လုံးဝသုံးမရတော့သည့် ကန်ပျက်များ ကျန်ရစ်ခဲ့ခြင်းပင်ဖြစ်သည်။

## "ပုစွန်မွေးမြူခြင်း၏နောက်ထပ်ဆိုးကျိုးများ"

အထက်ပါနည်းစနစ်အရ ပုစွန်လုပ်ငန်း တနေ့တခြားကျယ်ပြန့်လာပြီး လက်ရှိပုစွန်အထွက်နှုန်းပမာဏ လျော့မသွားအောင် ထိန်းသိမ်းထားရသောကြောင့် လမုတောများ ပျက်သုန်းမှုမှာလည်းတဖြည်းဖြည်းများပြားလာလေသည်။ မြန်မာ့ခနမဂ္ဂဇင်းအရ ရခိုင်ပြည်နယ်၌ ၁၉၉၉ ခုကြား ပုစွန်မွေးကန်ဧက (၃၀ ၃၅၀) ခန့်တိုးချဲ့လာခဲ့ပြီး တပြည်နယ်လုံး၏ စုစုပေါင်းဧကမှာ ၄၆၇၂၃ ခန့်ဖြစ်သွားခဲ့လေသည်။ နောက် လေးနှစ်တာကာလအတွင်း မြေရေယာအသုံးပြုမှု ပမာဏမှာ ၃ဆခန့် မြင့်တက်သွားရာ ၂၀၀၃ခုနှစ်တွင် စုစုပေါင်း (၁၅၅၅ ၃၃) ဧကခန့် ဖြစ်သွားခဲ့သည်။ ဤသို့ ပုစွန်မွေးမြူရေးလုပ်ငန်းများ အကြီးအကျယ် ချဲ့ထွင်လာခြင်းကြောင့် ဒေသခံ များ၏ လူမှုဘဝများဖျက်ဆီးခံလိုက်ရပြီး ဇီဝရကွဲမျိုးကွဲများ သည်လည်း ပျက်သုန်းလာရ လေသည်။ တဖန်သဘာဝဘေး အန္တရာယ်မှ ကာကွယ်ပေးနေသည့် အရေးပါသော သဘာဝ အတားအဆီးကြီးတစ်ခုလည်း ပျောက်ကွယ်သွားရပြီ ဖြစ်သည်။ လယ်ကွင်းများမှာလည်း ပင်လယ်ရေလွှမ်းမိုးမှုဒါဏ် မကြာခဏခံလာရလေသည်။



သဘာဝရေငံထွက်ပစ္စည်းများနှင့် ပုစွန်ကို တွင်ကျယ်စွာထုတ်လုပ်နေပုံ

ယခင်ကကမ်းရိုးတန်းတလျှောက် လယ်ကွင်းများအား လမုတောများက အကာအကွယ်ပေးခဲ့ ကြသော်လည်း ယခုအခါ ပုစွန်ကန်များ အဆမတန် များပြားလာခြင်းကြောင့် လယ်ကွင်းများမှာ အကာအကွယ်မဲ့ ဖြစ် သွားရတောသည်။ စပါးကွင်းများ

အမြဲလိုလိုပျက်စီးလာရသည်။ ရသေ့တောင်မြို့နယ်မှလယ်သမားတစ်ယောက်က "ဒီနေရာ တွေမှာ ပုစွန်မမွေးခင်က ပင်လယ်ဆားငံရည်လွှမ်းမိုးမှုမရှိခဲ့ဘူး" ဟုပြောပြလေသည်။ မြေပုံမြို့နယ်မှ လယ်သမားတို့ ပြောပြချက် အရလည်း သူတို့မြို့နယ်၌ ၂၀၀၅ ခုနှစ်တွင်လယ်ကွင်းများ၌ ရေလွှမ်းမိုးခြင်းကြောင့် မြို့နယ်အတွက် လုံလောက်သောဆန်စပါး မထွက်ရှိခဲ့ချေ။ နောင်ကိုလည်း၎င်းဆိုးကျိုးများနှင့် ဆက်လက်ရင်ဆိုင်နေရဦးမည်ဖြစ်သည်။ ရေလွှမ်းမိုးမှုခံလိုက်ရသော လယ်ကွင်းများ၌ စပါး ပြန်လည်စိုက်ပျိုးရန်အတွက် သုံးနှစ်ကျော်ခန့်စောင့်ဆိုင်းရလေသည်။

ကမ်းရိုးတန်းနေရခိုင်ပြည်သူတို့၏ လူမှုဘဝအတွက် လမုတောများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဲ့သို့ အရေးပါနေသည်။ လမုတောများဖျက်စီးခံနေရခြင်းကြောင့် ဆန်စပါးစိုက်ပျိုးရေးတွင်လည်း ထိခိုက်နစ်နာမှုများရှိလာသည်။ လယ်ကွင်းများရေလွှမ်းမိုးဒါဏ်ကြောင့် ပျက်စီးသွားပါက လယ်ယာလုပ်ငန်းနှင့် ဆက်စပ်နေကြသောစီးပွားရေးလုပ်ငန်းများ၏ ဆိုးကျိုးရလဒ်မှာလည်း တဟုန်ထိုးမြင့်မားလာပေမည်။ လယ်သမားများအတွက် သူတို့လယ်ကွင်းများ၌ စိုက်ပျိုးရေး တဖန်အောင်မြင်ရန် မလွယ်ကူတော့ချေ။ တချိန်တည်းမှာပင်လမုတောများ ပြုန်းတီးလာခြင်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများ ချဲ့ထွင်လာခြင်းတို့ကြောင့်ကမ်းရိုးတန်းဒေသ၌စိုက်ပျိုးရေးဖြစ်ထွန်းသောလယ်ယာမြေများသည်လည်းရှားပါးလာရလေသည်။ ထို့ကြောင့် စပါးဝယ်ယူသိုလှောင်ထားခြင်းတို့သည်အဆမတန်ဈေးတက်သွားရလေသည်။ အဆိုးရွားဆုံးမှာ ဆန်စပါးရှားပါး လာခြင်းနှင့် လယ်ယာမြေများဆုံးရှုံးသွားမှုအပေါ်တွင် စစ်တပ်ကအခွင့်ကောင်းယူနေလေသည်။ အကြောင်းမှာ လယ်သမား အများစုမှာ လယ်ယာမြေလုပ်ကိုင်ရန်အတွက် နအဖထံမှငွေချေးယူကြရသည်။ နအဖ သို့ ချေးငွေပြန်ဆပ်ရာတွင် စပါး ကိုသာပေးဆပ်ရသည်။ စစ်တပ်ကလယ်သမားများထံမှ ရရှိမည့်အကြွေးကို အမြဲလိုလိုတောင်းခံလေ့ရှိသည်။ လိုအပ်သည့် ဆန်စပါး ပမာဏကို လယ်သမားများမပေးနိုင်ပါက လယ်ကွင်းများအား အတင်းအဓမ္မသိမ်းယူလိုက်ကြလေသည်။

လယ်ယာလုပ်ငန်းဖြစ်ထွန်းမှု တစတစနှေးကွေးလာသောကြောင့် လယ်သမားများမှာ သူတို့လယ်ယာမြေများအား အကျိုးအမြတ်ပိုမိုရရှိမည့် ပုစွန်ကန်များအဖြစ်သို့ပြောင်းလဲလိုက်ကြသည်။ မြေပုံမြို့နယ်မှလယ်သမားတစ်ဦးက သုတေသနပြုလုပ်နေသူများအား ပြောပြသည်မှာ "ဘယ်သူမှစပါးမစိုက်ကြတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လယ်သမားတွေဟာ ပုစွန်ကန်ပိုင်ရှင်တွေလောက် ဝင်ငွေမကောင်းကြဘူး"။

(NEED) သုတေသနအရ လယ်ကွင်းများအားပုစွန်ကန်အဖြစ်ပြောင်းလဲနေခြင်းမှာ စိုးရိမ်စရာပင်ဖြစ်သည်။ ရသေ့တောင်မြို့နယ်မှလယ်သမားတစ်ယောက်သုတေသနပြုလုပ်နေသူများအား ပြောပြပုံမှာ "သူတို့လယ်ကွင်းတွေမှာ ပုစွန်မွေးမြူလိုက်ကြတယ်။ ဒါပေမယ့် အဲဒီလိုလုပ်တာဟာမကောင်းဘူးလို့ကျွန်တော်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလယ်ကွင်းတွေမှာ နောက်ထပ် စပါးစိုက်လို့လုံးဝမရနိုင်တော့ပါဘူး"။ သို့သော်လည်းရေရှည်တည်တံ့သည့် စိုက်ပျိုးရေးလုပ်ငန်းသည်လည်း အတိဒုက္ခရောက်နေသော လယ်သမားတစ်ဦးအဖို့အရာမထင်တော့ချေ။ ဒေသခံလယ်သမားများမှာ လမုတောများပျက်စီးလာခြင်းနှင့် တိုးချဲ့လာသော ပုစွန်မွေးမြူရေးလုပ်ငန်းများကြောင့် ဆုံးရှုံးနစ်နာမှုများကိုလေးလေးနက်နက် အာရုံစိုက်လာကြသော်လည်း အချိန်တိုအတွင်း အကျိုးအမြတ်အများအပြားမလိုချင်သောသူဟူ၍ မရှိချေ။ သူတို့ဘဝအခြေအနေအရ မည်သည့်အရာကိုမဆိုလုပ်ကိုင်နေရမည်သာဖြစ်သည်။

လယ်သမားများပုစွန်မွေးမြူရေးလုပ်ငန်းအား ပြောင်းလဲလုပ်ကိုင်လိုက်ခြင်းကြောင့် တံငါသည်များအဖို့လည်း အခက်ကြုံလာရလေသည်။ လမုတောများပျက်စီးလာသောကြောင့် ငါးလည်းရှားပါးလာလေသည်။ ခေတ်အဆက်ဆက် ငါးဖမ်းခဲ့ ကြသောနေရာများကိုလည်း ပုစွန်မွေးမြူရေးလုပ်ငန်းများက ကြီးစိုးထားကြပြီးဖြစ်သည်။ ငါးများလည်း ရှားပါးလာပြီး ငါးဖမ်းလုပ်ငန်းသည်လည်း ငွေကုန်ကြေးကျများလာရလေသည်။ ဒေသခံတံငါသည်များပြောပြချက်အရ အစိုးရကပုစွန်ကန်များ အနီးပတ်ဝန်းကျင်၌ငါးဖမ်းခွင့်အား ကန့်သတ်ထားလေရာ တရားဝင်ငါးဖမ်းခွင့်ရသည့်နေရာများ ရှားပါးလာလေသည်။ ချောင်းငယ်များ၌လည်း ငါးဖမ်းရန်အခွန် အဆမတန်ကောက်ခံနေကြသည်။ ရသေ့တောင်မြို့နယ် ဒေသခံတစ်ယောက် ရှင်းပြ သည်မှာ "ယခုအခါငါးဖမ်းလုပ်ငန်းတွေလုံးဝအဆင်မပြေတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ငါးတွေရှားပါးလာတယ်။ အစိုးရကလည်း အခွန်အတုတ်တွေအဆမတန်ကောက်ခံလာတယ် ။ချောင်းတွေမြစ်တွေကိုလည်းအစိုးရနှင့် ချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်လူတစ်စုကသာ လက်ဝါးကြီးအုပ်ထားကြတယ်။ တနေရာရာမှာငါးဖမ်းချင်ရင်ငွေပေးရတယ်။ ဒါမှ မဟုတ်ရင် ရထားတဲ့ ငါးထက်ဝက်ခွဲပေးရတယ်"။

တံငါသည်များ၊ ဂဏန်းမျှားသူများမှာငါးများသော ရေချိုငါးဖမ်းကွင်းများအတွက် ရေကွင်းခွန်ပေးဆောင်ရသည့်အပြင်

ဘုတ်နှင့်ပိုက်ကွန်တို့အတွက်လည်း အခွန်ပေးနေရသည်ဟု ဒေသခံများကပြောပြကြသည်။ ပိုက်ငယ်၊ ကွန်ငယ်များ အတွက် တောင်မှ တစ်ခါဖမ်းလျှင် (၅၀၀၀) ကျပ်စီပေးဆောင်နေရသည်။ တံငါသည်တစ်ယောက်က(NEED) အဖွဲ့ဝင်များအား ပြောပြသည်မှာ "ဟိုအရင်တုန်းကဆိုရင် ငါးဖမ်းလုပ်ငန်းကရတဲ့ဝင်ငွေနဲ့ ကျွန်တော်တို့မိသားစု တစ်ခုလုံး စားဝတ်နေရေး ဖူလုံခဲ့တယ်။ ဒါပေမယ့်လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကစပြီး အရင်တုန်းကလိုဝင်ငွေမကောင်းတော့ဘူး။ ဘာဖြစ်လို့လဲဆိုရင်တော့ နေရာတိုင်းမှာငါးဖမ်းခွင့်မပေးတော့ဘူး။ အစိုးရအာဏာပိုင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေဟာ မြစ်ချောင်းတွေကို ထိန်းချုပ်လိုက်ကြတယ်။"

ငါးဖမ်းရသည်မှာခက်ခဲလာသည့်အပြင် ပိုမိုဈေးတက်လာသည့်အတွက်ကြောင့် ရခိုင်တံငါသည်များမှာ လယ်သမားများကဲ့သို့ပင် သူတို့၏လုပ်ငန်းများကို တဖြည်းဖြည်းလက်လွှတ်ဆုံးရှုံးလာကြရတော့သည်။

**"ဒေသခံများပူးပေါင်းပါဝင်မှုနှင့် နအဖ ၏အခန်းကဏ္ဍ"**

ရခိုင်ပြည်နယ်၌ ပုစွန်မွေးမြူရေးလုပ်ငန်းချဲ့ထွင်လုပ်ကိုင်လာခြင်းသည် မည်သို့ပင်ဖြစ်စေ အမြဲတစေဖြစ်ပျက်နေသော အကြောင်းအရာ တစ်ခုပင်ဖြစ်သည်။ မိရိုးဖလာလုပ်ကိုင်စားသောက်နေခဲ့ကြသော လယ်ကွင်းများ၌ပုစွန်မွေးမြူရေး ချဲ့ထွင်လာခြင်း၊ ငါးများရှားပါးလာခြင်း၊ ကမ်းရိုးတန်းတလျှောက် လယ်ယာမြေများကွယ်ပျောက်လာခြင်းတို့ကြောင့် လယ်သမားများ၊ တံငါသည်များနှင့် တခြားလုပ်ငန်းများလုပ်ကိုင်ကြသူများမှာ စီးပွားရေးလိုအပ်ချက်အရ ပုစွန်လုပ်ငန်းအား ပြောင်းလဲလုပ်ကိုင်လာကြလေသည်။ ဤကဲ့သို့လုပ်ကိုင်လာခြင်းသည် လယ်သမားများအဖို့ သူတို့လယ်ယာမြေနှင့် လူမှုဘဝတို့အား သူတို့ကိုယ်တိုင်ဖျက်ဆီးလိုက်ခြင်းပင်ဖြစ်ပေသည်။ သို့သော်လည်း လယ်သမားများအနေဖြင့် ပုစွန်မွေးမြူရေး လုပ်ငန်းအား ရွေးချယ်လိုက်ရခြင်းမှာ ရေမြေတောတောင်များပြောင်းလဲလာခြင်း၊ နအဖ ထံမှပြင်းပြင်းထန်ထန်ဖိအားပေးမှုကို ခံလာရခြင်းနှင့် သူတို့၏ လုံးပါး ပါးလာသောလူမှုဘဝတို့အတွက်ကြောင့်သာ ဖြစ်လေသည်။ အမှန်စင်စစ် ပုစွန်လုပ်ငန်းသည် အခြားသောလုပ်ငန်းများထက် ဝင်ငွေပိုမို၍ရရှိစေသည်။ သို့သော် ကာလတိုအတောအတွင်းသာ ဖြစ်ပေသည်။ စစ်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးတို့မှာ ပုစွန်လုပ်ငန်းမှအမြတ်ကြီးစားနေကြရသော်လည်း အသေးစားပုစွန်လုပ်ငန်း လုပ်ကိုင်နေ ကြသည့်ဒေသခံ လယ်သမားတို့၏ဘဝမှာရုပ်လုံးပင် မပေါ်ကြချေ။

မည်သည့်လယ်ကွင်းကိုမဆို ပုစွန်ကန်အဖြစ်တရားဝင်ပြောင်းလဲလိုပါက လုပ်ငန်းလိုင်စင်အတွက်ငွေအမြောက်အများလိုအပ်ပေသည်။ ယင်းကြောင့် နအဖအား လက်ဆောင်ပဏ္ဏာများ ဆက်သရတော့သည်။ မူအရ လယ်သမားတို့မှာ ပုစွန်မွေးမြူခွင့်လိုင်စင်၊ ကုန်သွယ်ခွင့်လိုင်စင်၊ ငါးဖမ်းခွင့်လိုင်စင်နှင့်ကော်မရှင်လိုင်စင်သာလိုအပ်ပေသည်။ သို့သော်လည်း ပုစွန်ကန်တည်ဆောက်ရန်အတွက် မယက (မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ထောက်ခံစာနှင့် ရယက (ရပ်ရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ထောက်ခံစာများ ရရှိရန်လယ်သမားတို့မှာ လာဘ်ငွေပေးဆောင်နေကြရသည်။ ဒေသခံလယ်သမားများမှာ ထိုကဲ့သို့ငွေကြေးပမာဏအမြောက်အများပေးဆောင်ရန်အခက်ကြုံနေကြရလေသည်။ သူတို့အဖို့ အဓိကလိုအပ်သောလိုင်စင်များအတွက် မနိုင်ဝန်ထမ်းသကဲ့သို့ဖြစ်နေကြသည်။ မည်သို့ပင်ဖြစ်စေ နအဖတို့ အတွက်မူကား လယ်သမားတို့ထံမှအခွန်အတုတ်လာဘ်လာဘများဖြင့် ကောင်းစားနေကြလေသည်။ နအဖ အာဏာပိုင်တို့က လယ်သမားတို့ထံမှ ပုစွန်ကန်များအားလိုင်စင်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အမြဲလိုလိုသိမ်းယူတတ်ကြသည်။ ငွေ တစ်ကျပ်မှမကုန်၊ ပေါက်တူးတစ်ချက်မြေမထိပဲ နအဖတို့မှာ ပုစွန်ကန်ပိုင်ရှင်များ ဖြစ်သွားကြလေသည်။ ဒေသခံများ၌ လိုအပ်သော စာရွက်စာတမ်းမရှိပါက သူတို့ပုစွန်ကန်များ အားသိမ်းပိုက်ရန် နအဖအား လမ်းကြောင်းဖွင့်ပေးထားသကဲ့သို့ ဖြစ်နေပေသည်။ စစ်တပ်ကသိမ်းယူထားသောပုစွန်ကန်များအားတစ်နှစ်စာလေလံဖြင့်မူလပိုင်ရှင်များထံငှားရမ်းကြသည်။ လေလံဈေးနှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ်မြင့်တက်လာသောကြောင့် ပုဇွန်လုပ်ငန်းလုပ်ကိုင်နေသော လယ်သမားတို့အဖို့ သူတို့ပိုင်ဆိုင်ခဲ့သောပုစွန်ကန်များအား ပြန်လည်ရယူရန်မဖြစ်နိုင်ကြတော့ချေ။ (NEED) အဖွဲ့မှသုတေသနပြုလုပ်သူများအား ဒေသခံတစ်ယောက်ပြောပြပုံမှာ "မေယူမြစ်ကမ်းခြေတလျှောက်စွန့်ပစ်ထားတဲ့ပုစွန်ကန်တွေ အများကြီးပါပဲ။ ဘာဖြစ် လို့လဲဆိုတော့ ပုစွန်လုပ်ငန်းလေလံဈေးတွေ မြင့်တက်လာတယ်။ ပြီးတော့ဒေသခံ ပုစွန်ကန်ပိုင်ရှင်တွေဟာလည်း လုံလောက်တဲ့ ငွေကြေးပမာဏမတတ်နိုင်ကြတော့တဲ့အတွက်သူတို့ပုစွန်ကန်တွေကိုလည်း စွန့်လွှတ်လိုက်ကြရတယ်။"

အမြတ်ငွေရရှိရန်မျှော်လင့်ချက်ဖြင့် ပုစွန်ကန်လုပ်ငန်းပြောင်းလဲလုပ်ကိုင်လိုက်သော ဒေသခံများသည်လည်း ၎င်းတို့၏ ပုစွန်လုပ်ငန်းမှရရှိသောဝင်ငွေနှင့် မဖူမလုံဖြစ်လာရသည်ကိုကြုံတွေ့လာရလေသည်။ နအဖ၏ တနေ့တခြား မြင့်တက် လာသော အကောက်အခွန်များကြောင့်လည်း ပုစွန်ကန်ပိုင်ရှင်များမှာ သူတို့လယ်ယာမြေများအား ဆက်လက်ထိန်းသိမ်းထားရန် မဖြစ်နိုင်ကြတော့ချေ။ ဇယား(၁) တွင်ဖော်ပြထားသည့်အတိုင်း ကျေးလက်လယ်သမားများမှာ ကုန်စျေးနှုန်းမြင့်မားမှု ဒါဏ်ကို ခါးစည်းခံနေရသော်လည်း သူတို့ရရှိသောဝင်ငွေမှာအနည်းငယ်မျှသာ ဖြစ်လေသည်။ သူတို့အဖို့ အောင်မြင်သည့် ပုစွန်မွေးမြူရေး လုပ်ငန်းရှင်တစ်ယောက်မည်သည့်အခါမှ ဖြစ်မလာနိုင်တော့ချေ။ အဆိုးရွားဆုံးမှာ မြင့်မားသော လိုင်စင်ကြေးများ၊ လယ်ယာမြေသိမ်းပိုက်မှုနှင့်အကောက်အခွန်ပေးဆောင်နေရမှုစသည်တို့မှာ နအဖ ၏ပုစွန်မွေးမြူရေးမူဝါဒများ၌ မပါဝင် ကြသော်လည်း လယ်သမားတို့မှာ ၎င်းဒုက္ခများနှင့်မကင်းနိုင်ဘဲဖြစ်နေကြရသည်။ ပုဇွန်ကန်များတည်ဆောက်ရာ၌လည်း အများပြည်သူတို့မှာ အခကြေးငွေမရဘဲလုပ်အားပေးစေခိုင်းမှုကို ခံနေကြရလေသည်။ ရွာသူရွာသားများမှာ သူတို့ ပိုင်ဆိုင်သည့် စိုက်ပျိုးရေး ဖြစ်ထွန်းသော လယ်မြေတောတောင်တို့အား သူတို့ကိုယ်တိုင်ဖျက်စီးပစ်နေရသည့်အပြင် ရရှိ လာသော စီးပွားရေးအမြတ်အစွန်းများကိုလည်း စစ်တပ်အားဆက်သပေးနေကြရသည်။ ရသေ့တောင်မြို့နယ်မှ နယ်ခံ တစ်ဦးက **(NEED)** သုတေသနပြုလုပ်နေသူများအားပြောပြပုံမှာ "ခလရ (၅၃၆) တပ်ရင်းဟာ ပုစွန်ကန်တွေ တည်ဆောက် တဲ့အခါကျွန်းပေါ်၊ ခမောင်းတုန်း၊ ကညင်ချောင်း စတဲ့ရွာတွေက လုပ်အားပေး (ပေါ်တာ) ခေါ်တယ်။ စစ်တပ်အတွက် ပုစွန်ကန်တွေတည်ဆောက်ခိုင်းတယ်။ အဲဒီလုပ်အားပေးကို နေ့စဉ်အလှည့်ကျသွားလုပ်ရတယ်။ မိသားစုတစ်ခုက လူတစ်ယောက်စီသွားလုပ်ရတယ်။" လုပ်အားပေး မသွားသည့် မည်သည့်ယောက်ျားမိန်းမ မဆို အကြောင်းမဲ့ရိုက်နှက်ခြင်း ခံကြရလေသည်။ ပြီးလျှင်သူတို့မှာဒါဏ်ငွေရိုက်ခြင်းခံကြရလေသည်။ (၂၀၀၂) ခုနှစ်မှစ၍ တစ်ရက်လုပ်အားပေး ပျက်ကွက်လျှင်ပြစ်ဒါဏ်မှာကျပ်ငွေ(၅၀၀)ဖြစ်သည်။

## "အစိုးရ၏ဂုတ်သွေးစုပ်အမြတ်ထုတ်မှုနှင့်ဒေသခံများဆင်ရဲနွမ်းပါးလာမှု"

စီးပွားရေးလုပ်ငန်းကြီးများနှင့်လယ်ယာမြေများ လေလံဖြင့်ငှါးရမ်းခြင်းတို့မှတဆင့် နအဖသည် ပုစွန်လုပ်ငန်းအများစု အားတိုက်ရိုက်တမျိုး၊ သွယ်ဝိုက်၍တစ်မျိုးထိန်းချုပ်ထားလေသည်။ ရသေ့တောင်မြို့နယ်ဒေသခံများပြောပြချက်အရ ပုစွန်မွေးမြူရေး လုပ်ငန်း (၆၀) ရာခိုင်နှုန်းကိုစစ်တပ်ကပိုင်ဆိုင်၍ ကျန် (၄၀) ရာခိုင်နှုန်းကိုသာ ဒေသခံများက မျှဝေပိုင်ဆိုင် ကြသည်။ ရှေ့၌ဖော် ပြခဲ့သည့်အတိုင်းဒေသခံများ၏ ပိုင်ဆိုင်မှုမှာရေရှည်တည်တန့်ခိုင်မြဲမှုမရှိပေ။ အခြေအနေပေါ် မူတည်၍ သူတို့၏ လယ်ယာမြေများအား ငှါးရမ်းလိုက်ကြရသည်။ ကိုယ့်မြေ၌ ကိုယ်တိုင်လုပ်ကိုင်စားသောက်ခွင့်မှာ မရှိ သလောက်ပင်ဖြစ်သည်။ လိုင်စင်ရှိသည်ဖြစ်စေ၊ လာဘ်ငွေပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ လယ်သမားတို့၏ လယ်ယာ မြေနှင့်ထွက်ကုန်များအပေါ် အခြေခံပိုင်ဆိုင်ခွင့်များမှာလုံးဝအာမခံချက်မရှိချေ။ ထို့ကြောင့် ကျေးလက်နေ ရခိုင်ပြည်သူတို့မှာ ပုစွန်လုပ်ငန်းလုပ်ကိုင်နေကြရသော်လည်း ယင်းတို့၏ရရှိလာသော လက်တဆုပ်စာအမြတ်ငွေများမှာ စစ်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ အိတ်ထဲသို့သာ ရောက်ရှိသွားကြလေသည်။

မကြာသေးမီကအစိုးရထုတ်ဝေသည့်ဂျာနယ်တစ်ခုဖြစ်သော 'စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ပို့ဆောင်ရေးကဏ္ဍများ၌ တာရှည်ခံဖွံ့ဖြိုးတိုးတက်လာမှု' ၌ နအဖ သည် (၂၀၀၅) ခုနှစ်အတွင်း ငါးပုဇွန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၁၆၆၉၅) သန်းရရှိခဲ့သည်ဟု ဆိုထားသည်။ အထက်ပါကိန်းဂဏန်းအရဆိုလျှင် နအဖသည်၎င်းနှစ်အတွင်းငါးပုစွန်တန်ချိန် (၃၁၀ ၀၀၀)ကိုပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ ၎င်းနှစ်မှာပင် ကမ်းရိုးတန်းနေ ရခိုင်ပြည်သူတို့အတွက် အစာရေစာ ပြတ်လပ် ရှားပါးမှုနှင့်ရင်ဆိုင်နေရသော ကာလတစ်ခုဖြစ်လေသည်။ သို့သော်လည်း ကျေးလက်နေပြည်သူတို့အတွက် ငါး ပုစွန်ရှားပါးလာမှုမှာ မဟုတ်မမှန်ဟု နအဖ က ၎င်းဂျာနယ်၌ငြင်းဆိုထားလေသည်။ ယင်းနှင့်ပတ်သက်၍ ၎င်း ဂျာနယ်၌ ဖော် ပြထားပုံမှာ "ပုဂ္ဂလိက ငါးပုစွန်သားဖေါက်မွေးမြူရေးလုပ်ငန်း တိုးတက်လာခြင်းကြောင့် ငါးပုစွန်များ ပွားများ လာပြီး ပြည်တွင်းစားသုံးမှုအတွက်သာမက နိုင်ငံခြားသို့ပါတင်ပို့ရောင်းချလျှက်ရှိသည်။" ကမ်းရိုးတန်းနေ ရခိုင်ပြည်သူတို့ ပြောပြပုံမှာ လည်း နအဖ တို့နှင့်မတူဘဲ တမူထူးခြားလျှက်ရှိသည်။ **(NEED)** အဖွဲ့မှသုတေသနပြုလုပ်ခဲ့သူများ တွေ့ရှိချက်အရ ပုစွန် တန်ဖိုးမြင့်တက်လာသောကြောင့် ဒေသခံများမှာပုစွန်ကို မစားဝံ့မသောက်ဝံ့ဖြစ်လာကြလေသည်။ အကြောင်းမှာ စားသုံးသည့် ပုစွန်ကိုရောင်းချလိုက်ပါက သူတို့အတွက်အပိုဝင်ငွေရရှိကြမည်ဖြစ်ပေသည်။ နိုင်ငံအဝှမ်းအစိုးရပိုင် ငါးထုတ်လုပ်မှု လုပ်ငန်းနှင့် ပုဂ္ဂလိကပိုင် ငါးပုစွန်

မွေးမြူရေးကန်များ တိုးပွားလာသော်လည်း ၎င်းငါးပုစွန်တို့မှာ ကျေးလက်နေ ဒေသခံများ အတွက်မဟုတ်ပေ။ မြစ်ချောင်း အင်းအိုင်နှင့်ဘင်္ဂလားပင်လယ်အော်တို့၌ ငါးများရှားပါးလာပြီး ငါးဖမ်းလုပ်ငန်းလည်း ငွေကုန် ကြေးကျ ဖြစ်လာသောကြောင့် တံငါလုပ်ငန်းကို ရာသက်ပန်လုပ်ကိုင်လာကြသောတံငါသည်ကြီးများပင်လျှင် ငါးဖမ်းလုပ်ငန်းကို စွန့်လွှတ်နေကြရပြီ ဖြစ်သည်။ တဖန်ငါးများ မျိုးတုံးလျော့နည်းမသွားရစေရန်နှင့် ဒေသခံများအတွက် ငါးပုစွန် ဖူလုံစေရန် မြစ်ချောင်းများထဲ၌ ငါးသားပေါက်များကို နအဖ စီမံကိန်းဖြင့် လွှတ်ပေးနေသည်ဟူ၍ အထက်ပါ အစိုးရထုတ် ဂျာနယ်၌ဖော် ပြထားပြန်သည်။ ဤသည်မှာ ယုတ္တိမ တန်သောအကြောင်းအရာတစ်ခုသာဖြစ်ပေသည်။ ရခိုင် ကမ်းရိုးတန်း ဒေသသို့သွားရောက်လေ့လာကြည့် ပါက အထက်ပါ နအဖ ၏အဆိုပြုချက်နှင့် တလွဲစီဖြစ်နေကြောင်း တွေ့နေရပေလိမ့်မည်။ ငါးပုစွန်ရှားပါးမှုကြောင့် ရခိုင်ကမ်းရိုး တန်း၌ဒေသခံများ အတွက် ရောင်းချရန်မဟုတ်ပဲ မိသားစုစားသုံးရန်ပင်လျှင် လုံလုံလောက်လောက်မရှိတော့ချေ။ အမြဲလိုလို အစိုးရ ထုတ်ဝေသည့် ဂျာနယ်အစီရင်ခံစာတို့၌ ဖော် ပြချက်များမှာ ရှေ့နောက် ညီညွတ်မှုမရှိဘဲ လွဲမှားနေသည်ကိုသာ တွေ့ရလေသည်။ စာမျက်နှာ (၃၄) ၌အစိုးရက ငါးသားပေါက်ကောင်ရေ (၁၈၆.၇၃) သန်းခန့်ကို (၂၀၀၅) ခုနှစ်တွင် မြစ်ချောင်းများထဲသို့ လွှတ်ပေး ခဲ့သည်ဟုဆိုထားသည်။ တဖန်ရှေ့ စာမျက်နှာများ၌ ၎င်းနှစ်တွင်ငါးသားပေါက်ကောင်ရေသန်း (၄၀) ခန့်သာ ရှိသည်ဟုဆိုထား လေပြန်သည်။ ဤသို့ နအဖ ထုတ်ဂျာနယ်၊ အစီရင်ခံစာများ၌ ရှေ့နောက်မညီဖြစ်နေခြင်းများအား အမြဲတမ်း တွေ့နေ ရသည်။ အစီရင်ခံထားသော ပုစွန်မွေးမြူရေး ဧက ပမာဏ၊ ငါးကန်ဧကပမာဏနှင့်ထုတ်လုပ်မှုအရေအတွက်တို့မှာ စာမျက်နှာ တစ်ခုနှင့်တစ်ခုကွဲလွဲနေလေသည်။ ထို့ကြောင့် ၎င်းအစီရင်ခံစာအားယုံကြည်၍မရနိုင်ပေ။တဖန်၎င်းဂျာနယ်၌ ‘တပ်မတော် အစိုးရလက်ထက် တိုင်းပြည်အဝှမ်း ပြည်သူတို့မှာ သားငါးပုစွန်လုံလုံလောက်လောက် စားသုံးနိုင်ကြလေသည်’’ ဟု ဆိုထား လေပြန်သည်။ ဤသည်မှာလည်း စိတ်ကူးယဉ် ပုံပြင်တစ်ခုကဲ့သို့သာ ဖြစ်ပေသည်။ နအဖ နှင့် ၎င်း၏ လက်တဆုပ်စာ စီးပွားရေး လုပ်ဖော် ကိုင်ဖက်တို့မှာ နိုင်ငံခြားသို့ ငါးပုစွန် တင်ပို့ရောင်းချခြင်းဖြင့် ဒေါ် လာကို သန်းနှင့်ချီပြီး အမြတ်ရနေကြ သော်လည်း ကျေးလက်နေ ရခိုင်ပြည်သူတို့မှာ မိသားစု ဝင်ငွေလုံလောက်မှု မရှိကြ၍ အစာရေစာပြတ်လပ်မှုဒါဏ်ကို ခါးစည်းခံနေကြ လေသည်။

ပုစွန်မွေးမြူရေးလုပ်ငန်းနှင့်လမုတောများ ပျက်သုန်းမှု၏ဆိုးကျိုးများအား နအဖအနေဖြင့် ခေါင်းထဲ၌ပင်မထည့်ကြချေ။ ၎င်းတို့အတွက်အကျိုးအမြတ်ရရှိခြင်းသည်သာအဓိကဖြစ်လေသည်။ လက်ရှိ နအဖ အစိုးရအနေဖြင့် အမြတ်ငွေရရှိရေး ကိုသာရှေးရှုပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်းများ အကောင်ထည်ဖော် ဆောင်ရွက်ခြင်း၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စည်းကမ်းဥပဒေများပြဌာန်းခြင်းတို့ကို စိတ်မဝင်စားချေ။ ထိုကဲ့သို့စည်းကမ်းဥပဒေများ ထုတ်ပြန် လိုက်ပါက သူတို့ အမြတ်ငွေအပေါ် ထိခိုက်သွားမည်ဖြစ်သည်။ ထို့ကြောင့်ပျက်စီးခြင်းကိုသာဦးတည်နေပြီး ရေရှည် မတည်တံ့နိုင်သော ပုစွန်မွေးမြူရေးလုပ်ငန်းများမှာအကန့်အသတ်မရှိ ဆက်လက်တိုးပွားလာခြင်းဖြစ်လေသည်။ နအဖအစိုးရသည် ပုစွန်မွေးမြူရေး ဇရိယာများအားဥပဒေအရကန့်သတ်ထားသော်လည်း အကောင်ထည်ဖော် ဆောင်ရွက်ခြင်းမရှိချေ။ မကြာသေးမီက သုတေသီကျွန်းသား ငမန်း၏ တွေ့ရှိချက်အရ ရခိုင်ပြည်နယ်ရှိပုစွန်မွေးမြူရေးမြေဧကပမာဏ (၈၂) ရာခိုင်နှုန်းမှာ ဥပဒေအရ တရားဝင်မဟုတ်သော်လည်းလက်တွေ့မှာ နအဖက နားလည်မှုဖြင့် ခွင့်ပြုထားလေသည်။(NEED) အဖွဲ့မှ သုတေသန ပြုလုပ် နေသူကို ငြိမ်းထွန်းက ထပ်မံအစီရင်ခံထားသည်မှာ “ရသေ့တောင်မြို့နယ်၌ အစိုးရဌာနများသည် ပုစွန်လုပ်ငန်းအတွက် လမု တောများအားအသုံးပြုထားလေသည်။” အစိုးရသည်လက်ရှိစည်းကမ်းဥပဒေများအား အကျိုးသက်ရောက်မှုရှိအောင် မလုပ်ဆောင်သည့်အပြင် သူတို့ကိုယ်တိုင် ၎င်းစည်းကမ်းဥပဒေများအား မလိုက်နာဘဲချိုးဖောက်နေကြလေသည်။ ထို့ကြောင့် ဒေသခံတို့မှာအဆိုပါဥပဒေကန့်သတ်မှုများအား သတိမပြုဂရုမစိုက်ကြတော့ချေ။NEED သုတေသနပြုလုပ်နေသူများအား လယ်သမားတစ်ယောက်က ‘မြန်မာစစ်အစိုးရမှာလမုတောတွေအတွက်ဥပဒေမရှိကြဘူး’ ဟုပြောပြလေသည်။ အစိုးရ၏ လျစ်လျူရှုမှုကြောင့် ဥပဒေမဲ့ပုစွန်မွေးမြူရေးလုပ်ငန်းများကျယ်ပြန့်လာပြီး လမုတောများမှာလည်း ပျက်စီးပြုန်းတီး လာရ တော့သည်။

## “လမုတောများအားနောက်ထပ်ခြိမ်းခြောက်မှုများ”

ကျယ်ကျယ်ပြန့်ပြန့်ပုစွန်မွေးမြူလာခြင်းတစ်ခုတည်း ကြောင့် ရခိုင်ပြည်နယ်ရှိလမုတောများ ပျက်စီးလာရခြင်း မ ဟုတ်ပေ။ အစိုးရကပုစွန်မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွား ရေးလုပ်ငန်းတို့မှ ဒေါ် လာသန်းပေါင်းများစွာရရှိနေကြသော်လည်း ၎င်းတို့၏

စစ်တပ်ရင်းများအတွက် လုံလောက်သော ထောက်ပံ့မှု မပေးကြချေ။ တဖန်စစ်တပ်များမှာ ကိုယ်ပိုင် လုပ် ငန်းများမှ ဝင်ငွေများဖြင့်ရပ်တည်နိုင်ရမည်ဟု နအဖ က သတ် မှတ်ထားလေသည်။ ယေဘူယျအားဖြင့်စစ်တပ်၏ 'ကိုယ့် ခြေ ထောက်ပေါ် ကိုယ် ရပ်တည်ရေးမူဝါဒ' အဖြစ်လူသိများသော အထက်ပါ လိုအပ်ချက်များကြောင့်လည်း ရခိုင်ပြည်နယ်ရှိ လမုတောများမှာ ပျက်စီး လာရပြန်သည်။ စစ်တပ်ရင်းများမှာ သူတို့ကိုယ်သူတို့ထောက်ပံ့နိုင်ရန်အတွက် ဝင်ငွေကောင်း သောလုပ်ငန်းများဖြစ်သည့် အုတ်ဖုတ်ခြင်း၊ သစ်ထုတ်လုပ် ရောင်းချခြင်း၊ ရော်ဘာထုတ်လုပ်ခြင်း၊ ပုစွန်မွေးမြူခြင်းနှင့် တခြားသော စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်နေကြရသည်။ ဤလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လယ်ယာမြေအမြောက်အများနှင့် သစ်တောများအား သိမ်းယူလိုက်ကြသည်။ စစ်တပ်လုပ်ကိုင်နေသော လုပ်ငန်းများ အနက် အုတ်ဖုတ်လုပ်ငန်းမှာ



မြန်မာပြည်မှ အမျိုးသမီးအများစုမှာ အတင်းအဓမ္မ စေခိုင်းသည့်အမိန့်အောက်မှ မိမိအသက် ရှင်သန် ရပ်တည်မှုအတွက် ရှာဖွေစားသောက်နေကြရသည်

အဆိုးရွားဆုံးဖြစ်လေ သည်။ အုတ်တစ်ချပ် ထုတ် ယူရရှိရန်အတွက် (၅) ပေအရှည်ရှိ သစ် တစ်ချောင်းအား လောင်စာထင်းအဖြစ်အသုံးပြုရပေသည်။ (ထင်းတစ်ချောင်း၏ အရွယ်မှာလုံးပတ်အချင်း ၈ လက်မ၊ အရှည် ၁၅ ပေရှိသည်) အုတ်ဖုတ်ထင်းရရှိရေးအတွက် လမုတောများမှာ အများဆုံးဖျက်ဆီးခံနေကြရသည်။ မြန်မာနိုင်ငံ အနောက်ဘက် ဒေသသို့ ရောက်ရှိလာကြသော စစ်တိုင်းမှူး များမှာလည်းရခိုင်ပြည်နယ်ရှိတပ်ရင်း (၄၇) ရင်းအား အုတ်ဖုတ် လုပ်ငန်းများ လုပ်ဆောင်ကြရန်နှင့် တပ်ရင်းတစ်ရင်းမှ တစ်နှစ်လျှင်အုပ်ချပ်ရေ (၃၀၀၀၀၀) ထုတ်လုပ်ရမည်ဟု အမိန့် ထုတ်ထားကြလေသည်။ ဤအမိန့်အတိုင်း (၁၉၉၂) ခုနှစ် ကတည်းကပင်စတင်ဆောင်ရွက်ခဲ့ကြသည်။ အထက်ပါ စံချိန်စံညွှန်းအတိုင်းထုတ်လုပ်ပါက တပ်ရင်းတစ်ခုစီမှာ ပတ်လည်အချင်း (၄) လက်မရှိသောအုတ်ဖုတ်ထင်းစုစုပေါင်းအရှည် (၁၃၅၀၀၀၀) ပေလိုအပ်မည်။ ပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့်ကြည့်ပါက တစ်နှစ်လျှင်အုတ်ဖုတ်ထင်းစုစုပေါင်းအရှည်ပေ (၆၃၄၅၀၀၀၀) ကို မီးရှို့ပစ် နေကြလေသည်။

အုတ်ဖုတ်လုပ်ငန်းကြောင့် လမုတောများ မရေတွက်နိုင်အောင်ပျက်စီးလာရသည်မှာ ထင်ရှားနေပေသည်။ ၎င်းအုတ်ဖုတ်လုပ်ငန်းအပြင်အခြားသောစီမံကိန်းများကြောင့်လည်းလမုတောများပြုန်းတီးနေရပြန်သည်။ အစိုးရပိုင် ရော်ဘာစိုက်ခင်းများအတွက်လမုတောကေအမြောက်အများခုတ်ထွင်ရှင်းလင်းခြင်းခံနေရသည်။ ဒေသခံများအစီရင်ခံထားသည်မှာ "ယခု နအဖ အာဏာပိုင်တို့သည် ကျောက်တော်–မဟာမုနိလမ်း၊ ကျောက်တော်–စစ်တွေလမ်းမ တလျှောက် ရော်ဘာစိုက်ပျိုးရေး စီမံကိန်းများအတွက်သစ်ပင်များအားခုတ်လဲလိုက်ကြသည်။ သစ်ထုတ်လုပ်ရောင်းချမှု၊ ဆားထုတ်လုပ်မှုတစ်ရပ် ဖြစ်နေပေသည်။" ရခိုင်ပြည်နယ်၌ လက်နက်ကိုင်ပဋိပက္ခမရှိသော်လည်း စစ်တပ်ရင်းများအခြေစိုက်ချထားလာမှုမှာ တရွေ့ရွေ့ တိုးပွား လာနေသည်။ တပ်ရင်းတစ်ခုစတင်အခြေချလာပါက ၎င်းတပ်ရင်းအတွက်မြေနေရာများရှင်းလင်းခြင်း၊ စစ်တန်းလျားများ တည်ဆောက်ရန်နှင့် လောင်စာလိုအပ်မှုတို့အတွက် သစ်ပင်များအားခုတ်လဲခြင်းစသည်တို့ကို ပြုလုပ်လာကြသည်။ ယင်းအတွက်ကြောင့်လည်းအဖိုးတန်သစ်တောများမှာပြုန်းတီးလာနေရသည်။

## လမုတောများပြုန်းတီးခြင်း၏တခြားအကျိုးဆက်များ

ရခိုင်ပြည်နယ်၌ တခါကထူထူထပ်ထပ်ပေါပေါများများ ပေါက်ရောက်နေခဲ့ကြသောလမုတောများမှာ လွန်ခဲ့သောတစ်ဆယ့်ရှစ်နှစ်မှစ၍ အလျှင်အမြန်ပျက်စီးလာနေကြပြီဖြစ်သည်။ အစားအစာ၊ အကာအကွယ်၊ ဝင်ငွေနှင့်လုံခြုံမှုတို့အတွက် ကာလတာရှည်စွာလမုတောများအပေါ် မှီခိုနေခဲ့ရသော်လည်း ယခုအခါကမ်းရိုးတန်းနေရခိုင်ပြည်သူတို့အတွက် ၎င်းသစ်တောများမှာပြုန်းတီးသွားရပြီဖြစ်သည်။ ပုစွန်မွေးမြူခြင်းနှင့် စစ်တပ်ပိုင်စီးပွားရေးစီမံကိန်းလုပ်ငန်းများကြောင့် လမုတောများမှာနှစ်စဉ်နှစ်တိုင်း ပြုန်းတီးလာရလေသည်။ ရှေ့စာမျက်နှာများ၌ ဆွေးနွေးထားသည့်အတိုင်း လမုတောများ၏ အကျိုးကျေးဇူးများအား ရေရှည်ခံစားခွင့်မရကြတော့ချေ။ တခါကအလျှံပယ်တွေ့ရှိခဲ့ရသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ

မှာလည်းရှားပါးသွားရပြီဖြစ်သည်။ အိမ်၊ ကျောင်းတို့ဆောက်လုပ်ရန်အတွက် သစ်အလုံအလောက်မရှိတော့ချေ။ ထင်း ရှားပါးမှုကြောင့် ဒေသခံများလောင်စာအတွက် ထင်းအစား စပါးခွံများဖြင့် ထမင်းချက်နေကြရသည်။ သဘာဝပေါက်ပင်များ ရှားပါးလာခြင်းကြောင့်လည်းကျွဲနွားများအတွက် စားကျက်နေရာမရှိသလောက် ဖြစ်လာရသည်။ တခါက မုန်းတိုင်းနှင့် ရေလွှမ်းမိုးမှုအန္တရာယ်တို့မှ အကာအကွယ်နှင့်ကြိုတင်သတိပေးခဲ့သော လမုတောကြီးများ မရှိတော့သည့်အတွက် ကမ်းရိုးတန်းနေ ရခိုင်ပြည်သူတို့မှာ အဆိုပါသဘာဝအန္တရာယ်များအား နဖူးတွေ့ဒူးတွေ့ရင်ဆိုင်နေကြရပြီဖြစ်သည်။ ရခိုင်သုတေသီ ခိုင်ဝင်းရွှေ၏အစီရင်ခံစာအရ (၂၀၀၄) ခုနှစ်မေလ၌တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့်ရခိုင်ပြည်နယ်၌ လူပေါင်း သုံးရာကျော်သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရသည်။ ယခင်ကမ်းရိုးတန်းတလျှောက်တွင် မုန်တိုင်း အန္တရာယ်မှကာကွယ်ပေးသည့် လမုတောများရှိနေခဲ့ကြသည်။ လမုတောများ ပြုန်းတီးသွားရသည်နှင့်တပြိုင်နက် ကုန်းနေ၊ ရေနေ ရုက္ခဗေဒမျိုးစိတ်များသည်လည်းပျောက်ကွယ်သွားရလေသည်။ ရသေ့တောင်မြို့နယ်ဒေသခံများကတောဝက်၊ သမင်၊ ဒရယ်၊ ဖျံနှင့်အခြားတိရိစ္ဆာန်များရှားပါးသွားပြီဟုဆိုကြလေသည်။ ဖလားဝါးသတင်း **(Flower News)** ၌ရခိုင်ပြည်နယ်မှ တိရိစ္ဆာန်အမြောက်အများမှာ တခြားပိုမိုကောင်းမွန်သောနေရာဒေသအသီးသီးသို့ ရွှေ့ပြောင်းသွားကြသည်ဟု ဖေါ်ပြထား လေသည်။

**(NEED)** အဖွဲ့ဝင်များတွေ့ရှိချက်၌လည်း လမုတောများပြုန်းတီးလာခြင်းသည် အဟာရဓါတ်ချို့တဲ့ခြင်းနှင့် ငှက်ဖျား ရောဂါကူးစက်ပြန့်ပွားမှုတို့ ကိုလည်းဖြစ်စေသည်ဟုဖေါ် ပြထားလေသည်။ လမုပင်များပေါက်ရောက်သော နေရာများ၌ ရေအတက်အကျပုံမှန်ရှိနေသောကြောင့် ၎င်းလမုတောများ၌ခြင်ပေါများခြင်းမရှိချေ။ ယခင်ကလမုတောများ ထူထူ ထပ်ထပ် ပေါက်ရောက်နေကြသဖြင့် ခြင်များသည်လည်းရွာထဲသို့ ဝင်ရောက်လာခြင်းမရှိခဲ့ပေ။ ယခုအခါ ကမ်းရိုးတန်းဒေသ၌ တောများ ပြုန်းတီးလာသဖြင့်ခြင်များပေါများလာပြီးငှက်ဖျားဖြစ်ပွားမှုများမှာလည်းစိုးရိမ်စရာအနေအထားသို့ရောက်ရှိလာပေသည်။

အထက်တွင်ဖေါ် ပြခဲ့သည့်အတိုင်း လမုတောများပျက်သုန်းသွားရသဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုဘဝ တို့မှာလည်းနောက်ဆုံး၌လုံးပါးပါးလာရတော့သည်။ ယခင်ကကမ်းရိုးတန်းနေရခိုင်ပြည်သူအများအပြားမှာလယ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့်ဂဏန်းဖမ်းခြင်းတို့မှ သူတို့၏မိသားစုဘဝဖူလုံနိုင်ခဲ့ကြသော်လည်း ယခုအခါ ၎င်းလုပ်ငန်းများမှ လုံလောက်သောဝင်ငွေ မရရှိကြတော့ပေ။ သဘာဝရင်းမြစ်များအကြီးအကျယ်ရှားပါးလာခြင်းနှင့် နအဖ၏အကောက်အခွန် မြင့်မားလာသောကြောင့် ကျေးလက်ဒေသနေ ရခိုင်လူမှုအဖွဲ့အစည်းတို့၏ဘဝမှာခိုကိုးရာမဲ့ဖြစ်သွားရပြီဖြစ်သည်။

ပုစွန်မွေးမြူခြင်းနှင့်လမုတောများပြုန်းတီးနေမှုမှာရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားနေသောကြောင့် ဆင်းရဲမွဲတေမှုမြင့်တက်လာပြီးလူမှုဘဝအရည်အသွေးများသည်လည်း ကျဆင်းလာခဲ့ရလေသည်။ (၁၉၈၈) မတိုင်မီက ထိုင်းနိုင်ငံ၌ ရခိုင်ပြည်နယ်မှလူဦးရေ ရာဂဏန်းသာရှိခဲ့သော်လည်း ယခုအခါ (၅၀၀၀၀) ခန့်နှင့် ဘင်္ဂလားဒေ့ရှ်၌ ထောင်ပေါင်း များစွာ အသီးသီးရှိနေကြလေသည်။ ပုစွန်မွေးမြူခြင်းနှင့်သစ်တောများပျက်စီးလာခြင်း၏ရလဒ်ကြောင့်ရခိုင်ပြည်နယ်၌ ဆင်းရဲချို့တဲ့မှု တိုးပွားလာကာ ကျောင်းနေအရွယ်ကလေးသူငယ်များမှာ ဆက်လက်ပညာမသင်နိုင်ကြသောကြောင့် ကျောင်းထွက်နှုန်းမှာလည်းမြင့်တက်လာသည်ဟု ဒေသခံပညာရေးဝန်ထမ်းများကပြောပြလေသည်။ ကျောင်းနေအရွယ်ကလေးသူငယ်များမှာ သူတို့၏ဆင်းရဲနွမ်းပါးနေသောမိသားစုအ ပေါ် အကူအညီပေးရန်လိုအပ်လာသောကြောင့် ကျောင်းမှထွက်လိုက်ကြရသည်။ ကျောင်းသား (၇၅) ရာခိုင်နှုန်းခန့်မှ ၁အလယ်တန်းသို့စရောက်ရှိကြသည်နှင့် ထိုသို့ကျောင်းမှထွက်လိုက်ကြရခြင်းဖြစ်သည်။ လယ်ယာမြေများနှင့်လူမှုဘဝများပြောင်းလဲလာခြင်းကြောင့် အရက်၊ လောင်းကစား၊ သူခိုးသူဝှက်၊ မူးယစ်ဆေးဝါးသုံးစွဲမှု စသောလူမှုရေးပြဿနာများသည်လည်း လူမှုရေးနယ်ပယ်တို့၌ တိုးပွားလာနေသည်ဟု တွေ့ဆုံမေးမြန်းခဲ့သောဒေသခံများက ပြောပြကြလေသည်။

## “ပိုမိုရေရှည်တည်တံ့သည့်အနာဂါတ်တစ်ခု(သို့မဟုတ်) လုံးဝအနာဂါတ်ကင်းမဲ့နေခြင်း”

ပုစွန်မွေးမြူရေးနှင့်တခြားသောစီးပွားရေးများကြောင့် လမုတောများမှာအလျင်အမြန်ပျက်စီးခဲ့ရပြီဖြစ်သည်။ နောက်ထပ်ကျန်ရှိနေသော လမုတောများအဖို့လည်း လုံးဝအာမခံချက်မရှိချေ။ တဖန် ကမ်းရိုးတန်းဒေသနေ ကျေးလက်ရခိုင် လူ့အဖွဲ့အစည်းတို့မှာလည်း နလံမထူနိုင်တော့သည့်အခြေအနေသို့ ရောက်ရှိသွားရပြီဖြစ်သည်။ ကိုယ်ပိုင်လယ်ယာမြေများကို ပင်လျှင်ထွန်ယက်စိုက်ပျိုးခွင့်မရသော ဒေသခံပြည်သူများအနေဖြင့် အဆိုပါလမုတောများပြုန်းတီး ပျက်စီးလာခြင်းအား မည်သို့တားဆီးကာကွယ်နိုင်ကြမည်နည်း။ သူတို့မိသားစုစားဝတ်နေရေး အခက်ကြုံလာပါက သူတို့မှာရွေးစရာလမ်း အမြောက်အများမရှိတော့သည့်အတွက် ရရာအလုပ်ကိုလုပ်နေရခြင်းဖြစ်လေရာသူတို့အပေါ် အပြစ်ပုံချ၍မရတော့ချေ။ ငွေကြေးညစ္စာ၊ အကြမ်းဖက်မှုတို့နှင့်ဆက်စပ်နေသော အာဏာရှင်စစ်အစိုးရ၏လုပ်ဆောင်ချက်များမှာ လယ်ယာမြေများ၏ အနာဂါတ်ကိုဖေါ် ညွှန်းနေလေသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့်လူအဖွဲ့အစည်းများ အပြောင်းလဲကြီး ပြောင်းလဲ လာရခြင်းမှာ နအဖအစိုးရ၏ ပယောဂကြောင့်ပင်ဖြစ်လေသည်။ အမြတ်ထုတ်ရန်တစ်ခုတည်းအတွက် လယ်ယာမြေများအား အမျိုးမျိုးခေါင်းပုံဖြတ်နေကြလေသည်။ အကျိုးအမြတ်ကိုသာဦးတည်ပြီးချမှတ်ထားသော ဦးတည်ချက်များနေရာတွင် ပိုမိုတာရှည်ခံသည့်လုပ်ဆောင်မှုများဖြင့် အစားထိုးရန်အချိန်တန်နေပြီဟူသောအချက်ကို နအဖတို့အနေဖြင့် သိရှိသင့်ပြီ ဖြစ်သည်။ သို့မဟုတ် ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် သစ်တောပြုန်းတီးမှုလုပ်ဆောင်ချက်မှာ ဤကဲ့သို့ဆက်လက်ဖြစ်ပွားနေပါက လမုတော များမှာ လုံးဝပျောက်ကွယ်သွားကြလိမ့်မည်ဖြစ်သည်။ တချိန်တည်းမှာပင်သစ်ထုတ်လုပ်ရောင်းချခြင်း၊ အုတ်ဖုတ်ခြင်း၊ တခြားသော လုပ်ငန်းများသည်လည်း တဟုန်ထိုးကျယ်ပြန့်လာပေလိမ့်မည်။ ရန်ကုန်တိုင်းမှ ပုစွန်လုပ်ငန်းရှင်တစ်ဦး သတိပေးထား သည်မှာ “လမုတောတွေမရှိရင်ပုစွန်လည်း ပျောက်ကွယ်သွားကြမယ်ဆိုတာကို ကျွန်တော်တို့ သိထားဖို့လိုအပ်တယ်။ ပုစွန်ကန်တွေအပြင်ဘက်မှာလမုပင်တွေကိုထိန်းသိမ်းထားရမယ်။”

အရေးကြီးသည်မှာကမ်းရိုးတန်းနေ ရခိုင်လူမျိုးတို့၏ ဝမ်းရေးနှင့် ဝင်ငွေကိုထောက်ပြီး နအဖ၏အချိန်တိုအတွင်း အမြတ်ရသည့် မူဝါဒများအားပြောင်းလဲပစ်ရန်လိုအပ်ပေသည်။ အလွှာအသီးသီးမှ အလုပ်သမားများအလုပ်ရစေရေးအတွက် ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းအား တရားဝင်အကောင်အထည်ဖေါ် လုပ်ဆောင်ရမည်ဖြစ်သည်။ ၎င်းစည်းမျဉ်းဥပဒေများအားလည်း နအဖအစိုးရနှင့်စစ်တပ်ရင်းများမှ လိုက်နာရမည်ဖြစ်သည်။ သို့မဟုတ်ပါက ၎င်းဥပဒေတို့မှာ အဓိပ္ပါယ်မဲ့ သွားပေမည်။ အထက်ပါရည်ရွယ်ချက် အထမြောက်အောင်မြင်ရန်အတွက် လယ်ယာမြေများအား အတင်းအဓမ္မသိမ်းပိုက်ခြင်း၊ သစ်ပင်များအားခုတ်လဲနေခြင်း စသည်တို့ဖြစ်ပွားနေပါက ဒေသခံများမှာသူတို့၏ သစ်တော များအားထိမ်းသိမ်းရန်မဖြစ်နိုင်ချေ။ သူတို့၏စားဝတ်နေရေးသည်လည်း အာမခံချက်ကင်းမဲ့သွားပေလိမ့်မည်။ ထို့ကြောင့် သူတို့၏လယ်ယာမြေနှင့် အနာဂါတ်သည်အထက်ပါပြောင်းလဲလုပ်ဆောင်မှုများပေါ် ၌သာမူတည်နေလေသည်။

ဇယား(၁) ငါးပုစွန်ဖမ်းယူခွင့်အခွန်နှင့် ပုစွန်ဈေးနှုန်း (၂၀၀၅ – ၂၀၀၆)

| အဆင့်အတန်း | ပိုက်(ငယ်)ခွန် တစ်နှစ်ကျပ်ငွေ | ပိုက်(ကြီး)ခွန် တစ်နှစ်ကျပ်ငွေ | ဘုတ်(ငယ်)ခွန် တစ်နှစ်ကျပ်ငွေ | ဘုတ်(ကြီး) တစ်နှစ်ကျပ်ငွေ | ပုစွန်ဈေးနှုန်း (၃)လက်မ အောက်ကျပ်ငွေ | ပုစွန်ဈေးနှုန်း (၃)လက်မ အထက်ကျပ်ငွေ | အကြီးဆုံး အရွယ် (စူပါဆိုက်) |
|---|---|---|---|---|---|---|---|
| ကျေးရွာများ | ၅၀၀၀ | ၂၀၀၀၀ | ၅၀၀၀၀ | ၅၀၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ |
| မြို့များ | ၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၃၅၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ |
| ပြည်နယ်မြို့တော် (စစ်တွေ) | အခွန်မရှိ | ၁၀၀၀၀ | ၁၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ |

ဇယား (၁) ၌ ဖေါ် ပြထားသောအချက်အလက်များမှာ AECN သုတေသီများဖြစ်ကြသော ကျော်အေးနှင့် မင်းထွန်းနိုင်တို့ထံမှရရှိခြင်းဖြစ်သည်။

# မြန်မာနိုင်ငံ၌လယ်ယာမြေသိမ်းယူမှု
## ဒါဘယ်သူပိုင်တဲ့လယ်ယာမြေလဲ

ခိုင်ဓူဝံ၊ ဒေဗစ်လီဘလင့်

မြန်မာနိုင်ငံ၌ (၁၉၆၂) ခုနှစ်စစ်အုပ်ချုပ်ရေးစတင်သည့်အချိန်ကပင် ပြည်သူတို့၏ လယ်ယာမြေပိုင်ဆိုင်မှု အခြေခံအခွင့်အရေးအား အကာအကွယ်ပေးရန်ဥပဒေသော်လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသော်လည်းကောင်း မရှိခဲ့ပေ။ စစ်တပ်က လိုအပ်လျှင်လိုအပ်သလို လယ်ယာမြေများကို လက်လွှတ်စပယ်လုယူသိမ်းပိုက်နိုင်သည်။ ထို့ကြောင့် လယ်သမားများမှာ သူတို့ကိုယ်ပိုင်လယ်ယာမြေများအတွက် လုံခြုံစိတ်ချမှုမရှိဘဲ ရတက်မအေးဖြစ်နေရလေသည်။ မြန်မာစစ် တပ်သည် လယ်သမားနှင့်ကျေးလက်နေပြည်သူတို့ထံမှ လယ်ယာမြေအမြောက်အများကို နစ်နာကြေးမပေးဘဲ သိမ်းပိုက်တတ် ကြသည်။ နိုင်ငံ၌ ဥပဒေကင်းမဲ့နေသောကြောင့် လယ်သမားများသည် သူတို့နစ်နာမှုများအတွက် လူသိ ရှင်ကြား တိုင်ကြား လာလျှင်လည်းထပ်မံ၍ အပြစ်ပေးခံရမည်သာဖြစ်သည်။ ဆုံးရှုံးသွားရသော သူတို့၏လယ်ယာမြေများ အား ပြန်လည်ရရှိရန် နည်းလမ်းမရှိတော့ချေ။ (၁၉၅၃) ခုနှစ်ပြဌာန်းခဲ့သော လယ်ယာမြေအက်ဥပဒေသည်လည်း လုံးဝ ကွယ်ပျောက်သွားပြီဖြစ်သည်။ လယ်ယာမြေများအား အတင်းအဓမ္မသိမ်းယူနေခြင်းသည် မြန်မာပြည်အနှံ့ မှီတင်းနေထိုင် လျှက်ရှိကြသော လူနည်းစု တိုင်းရင်းသားများ၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဆိုင်ရာအခွင့်အရေးများကို ကျူးလွန်ချိုးဖောက် နေခြင်းသာဖြစ်သည်။ ထိုမျှမက သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခန်းကဏ္ဍတို့အပေါ် တွင်လည်း ဆိုးဆိုးဝါးဝါးထိခိုက်နေပေသည်။

ဤဆောင်းပါးရေးသားရခြင်း၏ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအဝှမ်းလူနည်းစုတိုင်းရင်းသားများနှင့် သက်ဆိုင်နေသော လယ်ယာမြေသိမ်းပိုက်မှုအဖြစ်အပျက်များအားထုတ်ဖေါ် ရန်နှင့် ၎င်းအကျိုးဆက်ကြောင့်ဖြစ်ပေါ် လာမည့် သဘာဝ ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေးများအပေါ် ဆိုးကျိုးသက်ရောက်မှုများကိုတားဆီးလျှော့ချရန်ဖြစ်သည်။ လယ်ယာမြေ သိမ်းပိုက်မှုဆိုသည်မှာဒေသခံတိုင်းရင်းသားများအား ၎င်းတို့နေထိုင်ရာဒေသမှတိုက်ရိုက်စစ်အင်အားဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သော စီးပွားရေးနည်းလမ်းများဖြင့်ဖြစ်စေ နေရာရွှေ့ပြောင်းခြင်းဟူ၍မှတ်ယူနိုင်သည်။ ဤဆောင်ပါးအား သတင်းအချက် အလက်ရင်းမြစ်သုံးခုကို အခြေခံ၍ရေးသားထားသည်။ ပထမအနေဖြင့်မြန်မာနိုင်ငံရှိ လယ်ယာမြေသိမ်းပိုက်မှုအဖြစ်အပျက် များအပေါ် (NEED) အဖွဲ့၏သုတေသနပြုလုပ်သူများ ကွင်းဆင်းလေ့လာထားသောသုတေသနမှတ်တမ်းများဖြစ်သည်။ ဒုတိယအနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ကဲ့သို့သောတိုင်းရင်းသားအဖွဲ့အစည်းများမှ ထွက်ရှိသည့် အဖြစ်အပျက် အစီရင်ခံစာများဖြစ်သည်။ တတိယတစ်ခုမှာ ပညာရှင်များပြုစုထားသည့် မြန်မာနိုင်ငံနှင့်သက်ဆိုင်သော လယ်ယာမြေ သိမ်းပိုက်မှု အကြောင်းအရာများဖြစ်လေသည်။

### နောက်ခံအကြောင်း

မြန်မာစစ်တပ်သည် တိုင်းရင်းသားလူမျိုးစုဒေသများ၌ လယ်ယာမြေများအားအတင်းအဓမ္မသိမ်းပိုက်နေလေသည်။ (NEED) သုတေသနအရ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ပြည်သူများထံမှ ပိုင်ဆိုင်ပစ္စည်းများနှင့်လယ်ယာမြေများကို မြန်မာစစ်တပ်က လက်လွှတ်စပယ်လုယူနေကြသည်။ ယခုရေးနေသော ဤဆောင်းပါးသည်လည်း ၎င်းတိုင်းရင်းသားဒေသတို့အပေါ် တွင် အခြေခံထားလေသည်။ ဤ ဒေသများ၌ စစ်တပ်က လယ်ယာမြေများအား ဥပဒေမဲ့စွာသိမ်းပိုက်နေရခြင်းအကြောင်းအရင်းမှာ ၎င်းဒေသတို့၌ ပြုလုပ်ထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် တွင် အဓိကမူတည်နေလေသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အပေါ် တွင် အဓိကမူတည်နေလေသည်။ အပစ်အခတ်ရပ်စဲထားသောကြောင့် နအဖ အနေဖြင့်ထိုဒေသများ၌ စစ်တပ်အင်အား တိုးချဲ့နိုင်ပြီး ဒေသဆိုင်ရာလက်နက်ကိုင်အဖွဲ့အစည်းများ၏ခုခံတိုက်ခိုက်မှုကိုလည်းစိုးရိမ်စရာမလိုပေ။ ထို့ကြောင့် မြန်မာနိုင်ငံ၌ လယ်ယာမြေသိမ်းပိုက်လိုက်မှုများများရပ်တန့်ခြင်းမရှိဘဲဆက်လက်ဖြစ်ပွားနေမည်သာဖြစ်သည်။

မြန်မာပြည်အနှံ့ လယ်ယာမြေသိမ်းပိုက်မှုကို အဓိကကျူးလွန်နေသူမှာ နအဖ စစ်တပ်ပင်ဖြစ်သည်။ မြန်မာစစ်တပ်သည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(MAPT) ၏ညွှန်ကြားချက်အမျိုးမျိုးဖြင့် သိမ်းပိုက်တတ်ကြသည်။ သို့သော် အဓိကအကြောင်းအရင်းမှာ မြန်မာနိုင်ငံ၌တိုးချဲ့လာသော စစ်တပ်များကြောင့်သာဖြစ်သည်။ မြန်မာပြည်သူလူထုအား အုပ်ချုပ်

၍မရနိုင်ပေ။ စစ်တပ်အားသုံးပြီးထိန်းချုပ်မှသာရနိုင်သည်ဟူသောအယူအဆကို နအဖတို့က လက်ကိုင်တုတ် သဖွယ်အသုံးပြုနေကြသည်။ နောက်ဆုံးမှာ နအဖသည်အထက်ပါ ရည်ရွယ်ချက်ဖြင့် မြန်မာပြည်သူတစ်ရပ်လုံး၏ လည်မျိုကို အသက်ရှူ၍ မရနိုင်အောင် ညှစ်သတ်နေခြင်းပင်ဖြစ်သည်။

ကျယ်ပြန့်လာနေသောစစ်တပ်(တပ်မတော်) ၏ အပြင်းအထန်လိုအပ်နေသော ရိက္ခာပြဿနာကို ဖြေရှင်းရန် အတွက် ၎င်းစစ်တပ် (တပ်မတော်) အနေဖြင့်နည်းလမ်းသစ်များကို ရှာကြံလာလေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ စစ်တပ်က လယ်ယာမြေများအားသေနတ်ပြပြီး မကြာခဏသိမ်းယူနေခြင်းပင်ဖြစ်သည်။ မြန်မာပြည်သူ (၆၈) ရာခိုင်နှုန်းမှာ သူတို့လူမှုဘဝ ရပ်တည်ချက်အတွက် လယ်ယာမြေများအားမှီခိုနေကြလေရာ ၎င်းလယ်ယာမြေများ အသိမ်းခံ လိုက်ရပါက ထိုပြည်သူတို့၏ ဘဝမျှော်လင့်ချက်မှာလည်း လုံးလုံးလျားလျားပျောက်ကွယ်သွားရလေသည်။ ဤအချက်အား ဤ ဆောင်းပါး၏ နောက်ပိုင်း၌ ဖေါ် ပြထားပါသည်။

စစ်တပ်အင်အားကြီးထွားလာခြင်းကို နည်းမျိုးစုံဖြင့်တွေ့ရပေသည်။ အောက်ပါလယ်မြေသိမ်းယူမှုဖြစ်ရပ်များမှာ ၂၀၀၆ ခုနှစ်တွင် **(NEED)** မှသွားရောက်ပြုလုပ်ခဲ့သော သုတေသနများဖြစ်သည်။ ၎င်းသုတေသနအရ လယ်ယာမြေသိမ်းပိုက်ခြင်းသည် နအဖစစ်သားများ၏ စားဝတ်နေရေးပြဿနာကို ဖြေရှင်းရန်၊ စစ်စခန်းသစ်များတည်ဆောက်ရေး အပါအဝင် စစ်တပ်ပိုင် စီမံကိန်းများ အကောင်အထည်ဖေါ် ရန်၊ ပြည်ပသို့တင်ပို့ရောင်းချရန်အတွက် ပုစွန်မွေးမြူရေး လုပ်ငန်းများဆောင်ရွက်ရန် ရွှေနှင့် သဘာဝသယံဇာတပစ္စည်းများအားထုတ်ယူရန်ပင်ဖြစ်သည်။

## စစ်တပ်ရိက္ခာအတွက်လယ်ကွင်းများအားသိမ်းပိုက်မှု

မြန်မာစစ်တပ်၌စစ်သားအင်အားတဖြည်းဖြည်းတိုးလာသောကြောင့် ၎င်းတို့အတွက်အစာရေစာနှင့်အထောက်အပံ့သည်လည်းပိုမိုလိုအပ်လာသည်။ ယင်းကြောင့်များပြားလှသော တပ်အင်အား၏ စားနပ်ရိက္ခာဖူလုံစေရန်အတွက်နအဖသည် မြေဩဇာကောင်းမွန်သော လယ်ယာမြေများအား သိမ်းပိုက်လာရလေသည်။ အဆိုးဆုံးက လယ်သမားများထံမှ သိမ်းယူထားသော လယ်ယာမြေများမှာ မြေဩဇာကောင်းမွန်ပြီးစိုက်ပျိုးဖြစ်ထွန်းသော လယ်ယာမြေများဖြစ်ကြသည်။ ရခိုင် ပြည်နယ်မှ လယ်သမားတစ်ဦးပြောပြပုံမှာ "ကျွန်တော်တို့လယ်ကွင်းဟာတကယ်ပဲမြေဩဇာကောင်းပါတယ်။ သုံးဧက က စပါးတောင်း အရေအတွက် (၂၅၀) နဲ့ (၃၀၀) ကြားရတယ်။ ပိုတဲ့စပါးကိုရောင်းပြီးတော့ကလေးတွေကို ကျောင်းထားနိုင်ခဲ့တယ်။ ငွေကြေးအတွက်မပူပင်ရတော့ဘူး။ အခုအချိန်မှာသားကြီးအရွယ်ရောက်လာပေမယ့် မြို့ပေါ် ကျောင်းတွေကိုမပို့နိုင်တော့ဘူး။ သူက ကျွန်တော်တို့ကိုဝိုင်းကူနေရတယ်။ တခါတခါငွေလိုအပ်လာရင်တခြားသူတွေဆီမှာ နေ့စားသွားလုပ်ရတယ်။ အခုသူ ငယ်ငယ်ရွယ်ရွယ်နဲ့ မင်္ဂလာဆောင်လိုက်ပြီ။ ကျွန်တော်တို့ရဲ့ လယ်ကွင်းတွေမရှိတော့တဲ့နောက်ပိုင်းမှာ ဝမ်းစာ အတွက် စပါးကို တခြားသူတွေဆီကဝယ်စားနေရတယ်။

ကချင်ပြည်နယ် အကဲ့ဒေသ၌ သစ်သီးခြံဧက (၃၀၀)ကို နအဖက (၂၀၀၄) ခုနှစ်တွင်သိမ်းယူခဲ့သည်။ ယင်းဒေသ၌ တပ်ရင်းများဖြစ်သော ခလရ၊ ထလရ၊ စထရ၊ တစက တပ်ရင်းများရှိစစ်သားများအား ရိက္ခာထောက်ပံ့ပေးရန်အတွက် သစ်သီးခြံများကို ဖျက်စီးပြီးလယ်သမားများအား အတင်းအဓမ္မစပါးစိုက်ခိုင်းသည်။ မြန်မာနိုင်ငံ၌ဤသို့ဖြစ်ရပ်များမှာ တစ်နေရာတည်း၌ ဖြစ်ပျက်နေသောအဖြစ်အပျက်များမဟုတ်ပေ။ ရခိုင်ပြည်နယ်ရသေ့တောင်မြို့နယ်၌လည်း လယ်မြေ (၁၅၀) ဧကကို (၁၉၉၂) ခုနှစ်တွင်သိမ်းယူခဲ့သည်။ လယ်မြေသိမ်းယူသည့်နှစ်မှစ၍ မိုးရာသီတိုင်း၌ရွာသူရွာသား (၂၀၀) ခန့်မှာ စစ်သားများ၏ ရိက္ခာအတွက် စစ်တပ်၏ခိုင်းစေမှုကြောင့် လယ်သမားတို့အတွက်မိုးရာသီ၌ သူတို့ကိုယ်ပိုင်လယ်ကွင်းများ အား ထွန်ယက်စိုက်ပျိုးချိန်ပင်မရှိ တော့ချေ။အသက်ရှင်ရပ်တည်ရေးအတွက် နေ့မအား ညမအားရုန်းကန်နေရချိန်၌ ဤကဲ့သို့ အလုပ် ချိန်များ လစ်လပ် သွားပါကလယ်သမားတို့အတွက်အဆိုးရွားဆုံး ထိခိုက်နစ်နာမှုများပင်ဖြစ်သည်။

## စစ်တပ်ပိုင်စီမံကိန်းများအတွက်လယ်ယာမြေသိမ်းပိုက်မှု

မြန်မာစစ်တပ်ကြီးထွားလာသည်နှင့်အမျှ နယ်မြေဧရိယာများသည်လည်းပိုမိုလိုအပ်လာလေသည်။ စစ်အဆောက်အဦးများ၊ စစ်ဌာနချုပ်များ၊စစ်ရေးပြကွင်းများနှင့်တပ်ရင်းသစ်များ တည်ဆောက်ရန်အတွက် လယ်ယာမြေများအား သိမ်းပိုက်ကြလေသည်။ စစ်သားများအတွက်သာမက ၎င်းတို့မိသားစုများအားနေရာချထားရေးအတွက်ပါ လယ်ယာ မြေဧက

အမြောက်အများကိုသိမ်းပိုက်ကြသည်။ အဆောက်အဦးများအပြင် လမ်း၊ တံတားများတည်ဆောက်ဖောက်လုပ်ရေး အတွက်ပါ လယ်မြေများကိုသိမ်းယူကြသည်။ (NEED) မှစစ်တမ်းကောက်ယူခဲ့သော ဒေသတစ်ဆယ့်ခုနှစ်ခုအနက် ဒေသခုနှစ်ခုတွင် ဒေသခံများထံမှ လယ်မြေများကိုစစ်တပ်ကအတင်းအဓမ္မသိမ်းပိုက်နေလေသည်။

ကချင်ပြည်နယ်ပူတာအိုမြို့နယ်၌လည်း အထက်ပါသာဓကတစ်ခုရှိခဲ့လေသည်။ ခလရ (၄၆) တပ်ရင်းတည်ဆောက်ရန်အတွက် စစ်တပ်ကလယ်မြေဧက ၅၀၀ ကို နအဖအမိန့်ဖြင့် ၎င်းဒေသ၌သိမ်းယူခဲ့လေသည်။ သိမ်းယူပြီးသော လယ်ယာမြေများကို စစ်တန်းလျားများတည်ဆောက်ရန်၊ စစ်တပ်မိသားစုများအား နေရာချထားပေးရန်နှင့် တဖန်စစ်တပ်ပိုင်အထွေထွေအဆောက်အဦးများ တည်ဆောက်ရန်အတွက် အသုံးပြုကြလေသည်။ လယ်မြေများသိမ်းပိုက်မခံရမီ အချိန်ကဒေသခံရွာသားအများစုမှာသူတို့၏စားဝတ်နေရေးအတွက်ထိုလယ်မြေများတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လျက် အသက်မွေး နေခဲ့ကြသည်။ လယ်ယာမြေများသိမ်းပိုက်ခံရမှုရလဒ်ကြောင့် လယ်သမားများ၏လူမှုဘဝမှာလည်း မသေချာမရေရာသော အခြေအနေသို့ ရောက်ရှိသွားရလေသည်။

## ရခိုင်ပြည်နယ်၌ပုစွန်မွေးမြူရေးအတွက်လယ်ယာမြေသိမ်းပိုက်မှု

(၂၀၀၃) ခုနှစ်တွင်ရခိုင်ပြည်နယ်၌ ပုစွန်မွေးမြူရေးအတွက်အသုံးပြုထားသော လယ်မြေဧက (၁၅၅၃၃) ရှိခဲ့သည်ဟု ခန့်မှန်းထားသည်။ ရခိုင်ပြည်နယ်သည်မြန်မာနိုင်ငံ၌ ပုစွန်အများဆုံးထွက်ရှိသော ဒေသတစ်ခုဖြစ်သည်။မြန်မာနိုင်ငံမှပုစွန် သည် တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်ကုန်သည်များထံမှ ဝယ်လိုအားကောင်းမွန်လာသည့်အတွက်ကြောင့် ပုစွန်မွေးမြူရေးအတွက် လယ်မြေများသည်လည်း အမြောက်အများလိုအပ်လာလေသည်။ ကောင်းမွန်သောပုစွန်ကန်များကို သိမ်းယူကာ ရရှိလာသော ပုစွန်များအားနိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့်စစ်တပ်က ခေါင်းပုံဖြတ်အမြတ်ထုတ်နေကြသည်။ တဖန် သိမ်းပိုက်ထားသော ပုစွန်ကန်များကို ဒေသစီးပွားရေးလုပ်ငန်းရှင်များထံသို့ ငှားရမ်းလိုက်ကြသည်။ ဒေသစီးပွားရေး လုပ်ငန်းရှင်များအတွက် အောက်၌ ဖေါ် ပြထားသောကုမ္ပဏီများကဲ့သို့ တရုတ်၊ ဘင်္ဂလားဒေ့ရှ် ကုမ္ပဏီတို့နှင့် ခိုင်မြဲသော ကူးသန်းရောင်းဝယ်ရေး လမ်းများရှိနေကြသည်။ သိမ်းပိုက်ထားသောလယ်ယာမြေများ ငှားရမ်းခြင်းမှရရှိလာသောအမြတ် ငွေများကို စစ်အင်အား တိုးချဲ့မှုအတွက်သာအသုံးပြုနေကြသည်။ ပေါက်တောမြို့နယ်၌ စစ်တပ်သိမ်းယူထားသောလယ်မြေ (၅၅) ဧကကို (NEED) အဖွဲ့ဝင်တစ်ယောက်မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ဖူးလေသည်။ ဒေသခံလယ်သမားများထံမှ လယ်မြေများသိမ်းယူပြီးနောက် စစ်တပ်က၎င်းလယ်မြေများကိုပြည်တွင်းပုစွန် ကုမ္ပဏီများဖြစ်ကြသော 'သိန်းဇံ' နှင့် 'ငနီ' ကုမ္ပဏီများထံသို့တစ်နှစ်ငွေကျပ်သိန်း ရှစ်ရာနှုန်းဖြင့် ငှားရမ်းလိုက်လေသည်။ သို့သော်လည်း ထိုလယ်မြေများမှ ပုစွန် အထွက်နှုန်းကောင်းမွန်ပြီးနောက် တရုတ်၊ ဘင်္ဂလားသို့လည်းကောင်း အထက်ဖေါ် ပြပါခိုင်မာသော ကုန်သွယ်ရေးလမ်းကြောင်းများနှင့် တင်ပို့နိုင်သဖြင့် ငှားရမ်းခွင့် ရရှိလိုက်သော ကုမ္ပဏီကြီးများအဖို့ တစ်နှစ်ငွေကျပ်သိန်းရှစ်ရာမှာ သင့်တော်သောဈေးနှုန်းပင်ဖြစ်လေသည်။

နောက်ဆုံးရလဒ်တစ်ခုက လယ်ယာမြေများ၏ နဂိုမူလပိုင်ရှင်ပြည်သူများမှာ ဆင်းရဲခြင်းသံသရာထဲ၌ ရုန်းမထွက်နိုင်ဘဲ စစ်အစိုးရနှင့်လက်တစ်ဆုပ်စာစီးပွားရေးသမားများကသာ အမြတ်ကြီးစားနေကြလေသည်။ စစ်တပ်ကလယ်ယာမြေ ငှားရမ်းခြင်းမှ အမြတ်ရရှိနေပြီးဒေသခံ ပုစွန် ကုမ္ပဏီများသည်လည်း နိုင်ငံခြားသို့ပုစွန်တင်ပို့ခြင်းဖြင့် ချမ်းသာကြွယ်ဝ နေကြ လေသည်။ တရုတ်နှင့်ဘင်္ဂလား ကုမ္ပဏီတို့၏ ပြည်တွင်းပုစွန်ဝယ်လိုအား မြင့်တက်လာသဖြင့် ကောင်းစားနေကြ လေသည်။

## 'သဘာဝသယံဇာတများထုတ်ယူရန်အတွက်လယ်ယာမြေသိမ်းယူမှု'

သဘာဝသယံဇာတထုတ်ယူရန်အတွက် လယ်ယာမြေများသိမ်းပိုက်နေမှုအပေါ် သတင်းဌာနများ (မီဒီယာများ) က အာရုံစူးစိုက်လာကြလေပြီ။ ရှေ့ဂတ်စ်လှုပ်ရှားမှုအဖွဲ့များသည် လည်း ဓါတ်ငွေ့ပိုက်လိုင်းဖောက်လုပ်လာပါက လူ့အခွင့် အရေးချိုးဖောက်မှုများဖြစ်ပေါ် လာမည့်အရေးကို စိုးရိမ်ပူပန်နေကြလေသည်။ ပိုက်လိုင်းတည်ဆောက်ရေးအပေါ် ဝေဖန် ဆန့်ကျင်နေသူများကလည်း နအဖ နှင့်လုပ်ငန်း ကုမ္ပဏီများ (၁၉၉၀) ခုနှစ်က တည်ဆောက်ခဲ့သော ရဲတံခွန်ဓါတ်ငွေ့ပိုက်လိုင်း၌ ကျူးလွန်ခဲ့သောလူ့အခွင့်ရေးချိုးဖောက်မှုများအား ထောက်ပြနေကြလေသည်။

ရဲတံခွန်ဓါတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရာတွင် ကျူးလွန်ခဲ့သောဆိုးကျိုးများအပေါ် (NEED) အဖွဲ့ဝင်တစ်ယောက်က မွန်ပြည်နယ်သို့သွားရောက်လေ့လာထားသည်။ ၎င်းရဲတံခွန်ပိုက်လိုင်းမှာ အန္ဒမန်(Adaman sea) ပင်လယ်ထဲမှ ကမ်းခြေသို့

ကီလိုမီတာ (၆၀) ရှည်လျားပြီးထိုင်းနိုင်ငံ ကန်ချနဘူရီ (Kanchinaburi)သို့ သွယ်တန်းဖေါက်လုပ်ထားသော ပိုက်လိုင်းဖြစ်လေသည်။ ပိုက်လိုင်းစုစုပေါင်းအရှည်မှာ (၄၀၀) ကီလိုမီတာရှိသည်။

၂၀၀၆ ခုနှစ်တွင် (NEED) အဖွဲ့ဝင်တစ်ယောက်ပြုလုပ်ခဲ့သော အင်တာဗျူးများအရ နအဖစစ်တပ်များသည် ဓါတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရန်အတွက် လယ်ဧက (၁၀၀)ကို (၂၀၀၀) ခုနှစ်တွင်သိမ်းပိုက်ခဲ့ကြသည်။ လယ်ယာမြေများအား သိမ်းယူခဲ့သည်သာမက လူနေအိမ်အမြောက်အများကိုလည်း စစ်တပ်က အဓမ္မရွှေ့ပြောင်းခဲ့လေသည်။

လယ်ယာမြေသိမ်းဆည်းခံရခြင်းကြောင့် ဒေသခံတိုင်းရင်းသာပြည်သူများမှာ အတင်းအဓမ္မ နေရာရွှေ့ပြောင်းခံနေကြရသည်။ ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့်လည်း ရင်ဆိုင်နေကြရသည်။ ပိုက်လိုင်းတည်ဆောက်ခြင်းမှ ထွက်ရှိလာသော အခိုးအငွေ့များကြောင့်လည်း လူထု၏ကျန်းမာရေး ဆိုးဝါးမှုများကိုဖြစ်ပေါ် စေသည်။ ထို့အပြင်ရတနာ ပိုက်လိုင်း အကြိမ်ကြိမ်ပေါက်ကွဲမှုကြောင့် ဒေသခံများ ပြင်းပြင်းထန်ထန် အနာတရ ရရှိခဲ့ကြပြီး စိုးရိမ်ကြောင့်ကြကြီးစွာဖြင့် အသက်ရှင်နေကြရ ပေသည်။

ရခိုင်ပြည်နယ်တွင်လည်း လယ်ယာမြေဧက (၂၀၀)ထက်မနည်း သောမြေများကိုသိမ်းယူခဲ့သည်၊ ၎င်းသိမ်းပိုက်ထားသော မြေယာများမှာ သတ်မှတ်ထားသော ရွှေ သဘာဝဓါတ်ငွေ့ပိုက်လိုင်းဖေါက်လုပ်ရန် အတွက်ဖြစ်သည်ဟု အနီးအနားရှိ ရွာသူရွာသားများမှယုံကြည်နေကြသည်ကို စီးပွါးဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်လုပ်ငန်းကွန်ယက်အဖွဲ့ဝင်များ ကွင်းဆင်းလေ့လာစဉ် တွေ့ရှိခဲ့ပေသည်။ လက်ရှိလယ်ယာမြေများသိမ်းပိုက်နေခြင်းများသည် ရဲတံခွန် ရတနာပိုက်လိုင်း မဖေါက်လုပ်မီအချိန်မှ လယ်ယာမြေသိမ်းယူခြင်းများနှင့် တူညီပေသည်။ ရခိုင်ပြည်သူများအနေနှင့်လည်း နောက်နောင် ကို လယ်ယာမြေသိမ်းဆည်းမှုများနှင့် သိမ်းပိုက်ထားသောလယ်ယာမြေများ၌ လုပ်အားပေးစေခိုင်းခြင်းများ ဆက်လက်ဖြစ်လာနိုင်သည်ဟု ယူဆထားကြလေသည်။

**မြန်မာပြည်တွင် လယ်ယာမြေသိမ်းယူမှုကြောင့် စီးပွားရေး၊ လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်တို့၏ရလာဒ်**

မြန်မာနိုင်ငံ၏လူဦးရေ လေးပုံ သုံးပုံခန့်မှာ ကျေးလက်ဒေသ၌နေထိုင်သူများဖြစ်ကြသည်။ အလုပ်အကိုင် (၆၇) ရာခိုင်နှုန်းခန့်မှာလည်းစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်နေသည်။ လယ်ယာမြေသိမ်းယူမှုများကြောင့်လည်း မြန်မာ ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝတို့မှာ ဆိုးရွားစွာထိခိုက်ပျက်စီးမှုများနှင့်ရင်ဆိုင်ကြရပေသည်။ ဤအခန်း၌ လယ်ယာမြေ သိမ်းယူမှုများ၏ ဆိုးကျိုးများ အားဖေါ် ပြထားပေသည်။ ကျန်ဆောင်းပါး၌ လယ်ယာမြေသိမ်းပိုက်ခြင်းများ၏ ဆိုးကျိုးများကို သဘာဝပတ်ဝန်းကျင်၊ စီးပွါးရေး၊လူမှုရေး နယ်ပယ်အလိုက်အခန်းကဏ္ဍများအလိုက်ခွဲ၍တင်ပြထားပါသည်။ သဘောတရား အရ သီးခြားစီခွဲ၍ တင်ပြထားသော်လည်း လက်တွေ့တွင်မူ ဆိုးကျိုးများသည်တစ်ခုနှင့် တစ်ခုဆက်ဆပ်မှုရှိနေပေသည်။ အကြောင်းမှာ လယ်ယာမြေသိမ်းဆည်းမှုကြောင့် လူမှုရေးနယ်ပယ်၌ဆိုးကျိုးများသည်စီးပွါးရေးနှင့် သဘာဝပတ်ဝန်းကျင် အပေါ် ထိခိုက်မှုကို သက်ရောက်စေပေသည်။ ကျန်အဖြစ်အပျက်များမှာ မြန်မာလူ့အဖွဲ့အစည်းတရပ်လုံး နေ့စဉ်ခံစားနေကြ ရသော ဒုက္ခသံသရာ ပင်ဖြစ်ပါသည်။

**စီးပွါးရေး**

အထက်၌ ဖေါ် ပြထားသကဲ့သို့ မြန်မာပြည်သူအများအပြားမှာကျေးလက်ဒေသ၌ အခြေချနေထိုင်ကြပြီး သူတို့၏ အခြေခံလူမှုဘဝအတွက် လယ်မြေများအပေါ် မှီတင်းနေထိုင်ကြရသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ လယ်ယာမြေများ သိမ်းဆည်းမှုသည် သန်းပေါင်းများစွာသော မြန်မာပြည်သူ တို့၏ လူနေမှုဘဝကို လက်တွေ့ကျကျ သိမ်းယူဖျက်စီးပစ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ယေဘူယအားဖြင့် ပြောရလျှင် လယ်သမားများထံမှလယ်ကွင်းများ၊ စိုက်ခင်းများအားသိမ်းယူခြင်းသည် လယ်သမား များ၏နေ့စဉ်ဝင်ငွေကို လုယူနေခြင်းဖြစ်သည်သာမက ဒေသရှိစီးပွါးရေးလုပ်ငန်းများ ကိုပါဆိုးဝါးစွာ ထိခိုက်စေသည်။ လယ်ယာမြေစိုက်ခင်းမြေဧကအများအပြားပိုင်ဆိုင်သော လယ်သမားများမှာ စိုက်ပျိုးရေး လုပ်ငန်းများအတွက် အလုပ်သမားငှားရမ်းလုပ်ကိုင်နေကြရသည်။ ၎င်းလယ်ယာ မြေများကို (နအဖ) မှ သိမ်းပိုက်လိုက်သောအခါ လယ်ယာ လုပ်ငန်းများ ရပ်တန့်သွားပြီး အလုပ်သမားများအတွက် အလုပ်လက်မဲ့ဖြစ်သွားကြရတော့သည်၊ စီးပွားရေး အပေါ် သက်ရောက်လာသော ဆိုးကျိုးများမှာ ရှည်လျားခါး သီးလှပေသည်။ နေ့စားအလုပ်သမားများ မှာ အလုပ်လက်မဲ့ ဖြစ်သွားရသဖြင့် မိမိဒေသများကိုစွန့်ခွာကာ ပြည်တွင်းရှိ အခြားနေရာများသို့လည်းကောင်း၊ အိမ်နီးချင်း နိုင်ငံများသို့ လည်းကောင်း အလုပ်ရှာရန်ထွက်သွားကြရသည်။

ဤသည်မှာဒေသခံအလုပ်သမား အင်အားစုများအား ဆုတ်ယုတ်အောင်ပြုလုပ်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မြန် မာပြည်တွင်နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဖြစ်လာသောအခါ၌ ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်းများအား ရေရှည်ထိန်းသိမ်းနိုင်ရန် အခက်အခဲများရှိလာပေမည်။ အကြောင်းမှာ ၎င်းစီးပွားရေး လုပ်ငန်းများအား ကျောထောက်နောက်ခံပေးနေသော အလုပ်သမားများရှားပါးသွားရသောကြောင့်ဖြစ်သည်။



**ကြီးမားသောစီးပွားရေးလုပ်ငန်းများကြောင့် ပျက်စီးသွားသော ရခိုင်ဒေသရှိ လမုတောကြီးများ**

လယ်ယာမြေသိမ်းယူခြင်းနှင့် ဆက်စပ်နေသောကာလတာရှည်စီးပွားရေး ဆိုးကျိုးတစ်ခုမှာ သိမ်းပိုက်ထားသော လယ်ယာမြေများ၌ ဝမ်းရေးဖူလုံရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများအစား ဝင်ငွေရသီးနှံများအား အစားထိုးစိုက်ပျိုးနေခြင်း ပင်ဖြစ်သည်။ ဤပြဿနာများကို ရခိုင်ပြည်နယ်၌ အများဆုံးတွေ့ရသည်။ လွန်ခဲ့သောဆယ်နှစ်တာကာလအတွင်း စစ်တပ်က ပုစွန်မွေးမြူရန်နှင့်ဆားထုတ်လုပ်ရန်အတွက် လယ်ယာမြေ သိမ်းယူမှုအဖြစ်အပျက်များရှိခဲ့လေသည်။ မြန်မာအစိုးရ ထုတ်ပြန်ထားသောကိန်းဂဏန်းများအရ ရခိုင်ပြည်နယ်တစ်ခု တည်း၌ ဆားထုတ်လုပ်ရန်အတွက်လယ်ယာမြေဧက (၅၀၀၀) ကျော်ခန့်ကိုအသုံးပြုနေသည်ဟုသိရသည်။ ဤအကျိုးဆက် မှာလက်ရှိအခြေအနေ၌ ဒေသစီးပွားရေးကိုသာ ထိခိုက်နေပြီး နိုင်ငံတကာရှိဈေးကွက်အင်အားစုများမှာ ဆားထုတ်လုပ်ခြင်း ဖြင့်အမြတ်ထုတ်လျှက်ရှိကြလေသည်။ ရခိုင်ပြည်မှ ဆားကိုခေတ်အဆက်ဆက် အဓိကဝယ်ယူတင်သွင်းသူများမှာ ဘင်္ဂ လားဒေ့ရှ်နိုင်ငံသားများဖြစ်သည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ် ရှိ



**နအဖတပ်ပိုင်မြေအဖြစ် အတင်းအဓမ္မသိမ်းယူထားသည့် မြေပေါ်တွင် ဆိုင်းဘုတ်တင်ထားပုံ**

ပြည်တွင်းဆားထုတ်လုပ်မှုမှာ မကြာသေးမီက ခေတ်မီနည်းပညာများကြောင့် သိသိသာသာတိုးတက်ပြောင်းလဲသွား ပြီဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြည်တွင်းဆား ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ရခိုင်လယ်သမားများ၏ အမြတ် ဝင်ငွေမှာ လည်းကျဆင်းသွားရလေသည်။ ဒေသခံ ဆားတွင်း ပိုင်ရှင်များကဆား (၂ ဒသမ ၅) ကီလိုဂရမ်ရရှိရန် ကျပ်ငွေ (၁၅) မှ (၂၀) ကျပ်ထိ အရင်းစိုက်ရသည်ဟုဆိုသည်။ ဆား (၂.၅) ကီလိုဂရမ်အားရောင်းလိုက်ပါကလည်း (၂၅) ကျပ်သာ ရရှိလေသည်။ အမြတ်ငွေ (၅) ကျပ်မှ (၁၀) ကျပ်ကြားရရှိခြင်းဖြင့် ဆားကွင်းပိုင်ရှင်များအတွက် အသက်ရှင်ရပ်တည်ရန် မလုံလောက်ပေ။

အထက်ပါပုံစံများအတိုင်းဆိုးကျိုးများမှာ ဆက်လက်ဖြစ်ပွားနေလိမ့်မည်ဖြစ်သည်။ နအဖ ကလယ်မြေဧက (၅၀၀၀) အား (ယခုဆောင်းပါးအားပြုစုရေးသားနေချိန်၌) ကြက်ဆူပင်စိုက်ပျိုးရန်အတွက် သိမ်းပိုက်ခဲ့သည်။ ဤသည်မှာဒေသခံရွာသားများ၏ အမြတ်ငွေများအားလုယူနေသည်သာမက ဆားနှင့်ပုစွန်လုပ်ငန်းအပါအဝင် ရခိုင်ပြည်နယ်တွင် ဝင်ငွေရ သီးနှံများအား စိုက်ပျိုး ကာ အဖျက်အမှောက်စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ကြမည်ဖြစ်သည်။

**လူမှုရေး**

လယ်ယာမြေသိမ်းပိုက်စိုက်ပျိုးမှုကြောင့် လူမှုရေးနယ်ပယ်များ၌ထိခိုက်မှုအမြောက်အများရှိနေသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများ၌ဖြစ်လေသည်။

(NEED)အဖွဲ့မှကွင်းဆင်းလေ့လာခဲ့သူများ တွေ့ရှိခဲ့သောလေ့လာချက် (၁၇) ခုအနက် (၁၅) ခုမှာ လယ်မြေသိမ်းပိုက်မှု

ကြောင့်ပညာရေးနယ်ပယ်တွင် ဆိုးရွားစွာထိခိုက်နေသည်ဟုဖေါ် ပြနေလေသည်။ လယ်ယာမြေများဆုံးရှုံးသွားရသဖြင့် ရွာသူရွာသားများမှာဆင်းရဲမွဲတေလာကြပြီး သားသမီးပညာရေးနှင့် မိသားစုစားဝတ်နေရေးတို့ကို တပြိုင်နက်တည်း မတတ်နိုင်ကြတော့ချေ။ ထို့ကြောင့် ပညာအရည်အသွေးသည်လည်း ကျဆင်းလာရသည်ဟု တွေ့ဆုံမေးမြန်းခဲ့သော ရွာသူ ရွာသားများက ယုံကြည်လက်ခံထားကြလေသည်။ လယ်သမားများပြောကြားချက်အရ သူတို့၏သားသမီးများအား နေ့စား အလုပ်လုပ်ရန်အတွက် ကျောင်းမှအပြီးအပိုင်ထုတ်လိုက်ကြရသည်။ လယ်ယာမြေများအသိမ်းပိုက်ခံရပြီးနောက် လယ်သမားများမှာဝင်ငွေချို့တဲ့လာကြရလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အဖို့ဆန်စပါးသီးနှံများစိုက်ပျိုးရန် လယ်မြေလုံလုံ လောက်လောက် မရှိသောကြောင့်ဖြစ်သည်။ လယ်သမားမိသားစုများ၏ ကြေကွဲဖွယ်ရလဒ်တစ်ခုမှာ သူတို့၏ လူမမယ်သားသမီးများအား နေ့စားအလုပ်လုပ်ရန်စေလွှတ်နေရခြင်းပင်ဖြစ်သည်။ ခါတိုင်းလိုလို ပင်ကလေးများမှာ စစ်တပ် ထိန်းချုပ်ထားသောလယ်ကွင်းကြီးများသို့ သွားရောက်လုပ်ကိုင်ကြရသည်။ ရွာသာယာ (Thar Yar village) မှအဖြစ်အပျက် တစ်ခုမှာ သိမ်းပိုက်ခံထားသောလယ်မြေများတွင် ယခင်ကနေထိုင်ခဲ့သောကလေးများအား စစ်တပ်ထဲသို့ သွင်းလိုက်လေသည်။ ယင်းကြောင့် မြန်မာစစ်တပ်သည် ကလေးစစ်သားအသုံးပြုမှုကြောင့် ကမ္ဘာ့အဆင့်တစ်နေရာ၌ နာမည်ဆိုးဖြင့်ကျော်ကြားနေ လေသည်။

အလားတူပင် လယ်မြေသိမ်းပိုက်ခြင်း၏ဆိုးကျိုးတစ်ခုမှာ ကျန်းမာရေးပြဿနာပင်ဖြစ်သည်။ သတင်းအချက်အလက်ရှာဖွေ ရေးအဖွဲ့တွေ့ရှိခဲ့သည်မှာ ကျန်းမာရေးဆိုင်ရာပြဿနာအများစုမှာ အဟာရချို့တဲ့ခြင်းကြောင့်ဖြစ်သည်။ လယ်ယာမြေသိမ်းပိုက်ခံရမှုကြောင့် လယ်သမားများ၏စားဝတ်နေရေးအခြေအနေမှာလည်း ကျပ်တည်းလာသည်။ စစ်တပ်ကသူတို့၏လယ်ယာမြေအများအပြားအားသိမ်းပိုက်လိုက်ပြီဖြစ်သောကြောင့်သူတို့အဖို့ ကျန်ရှိခဲ့သောလယ်ယာမြေများ၌ လုပ်ကိုင်စားသောက်နေကြရသော်လည်း ဝမ်းရေးအတွက်မဖူလုံနိုင်တော့ပေ။ အဟာရချို့တဲ့မှုကြောင့် လယ်သမားတို့မှာ အလုပ် လုပ်ရန်ပင် အားအင်ဆုတ်ယုတ်လာရလေသည်။ ထို့ကြောင့်ကျန်ရစ်သောကောက်ပဲသီးနှံတို့မှာလည်း သူတို့အတွက် အရာ မထင်တော့ချေ။ လယ်သမားများမှာ အဟာရချို့တဲ့မှုကြောင့် ခန္ဓာကိုယ်၌ ရောဂါကာကွယ်ရေးခုခံအားကျဆင်းလာပြီး ရောဂါဘယအန္တရာယ်များနှင့်ရင်ဆိုင်နေ ကြရပြီဖြစ်သည်။

ရွာသူရွာသားများ၌ငှက်ဖျားဖြစ်ပွားမှုအခြေအနေမှာလည်းမြင့်တက်လာလေသည်။ လယ်ယာမြေများကို သိမ်းပိုက်ခံလိုက်ရသောကြောင့်သူတို့မှာ နေ့စားအလုပ်သမားဘဝဖြင့်အသက်ရှင်ရပ်တည်နေကြရသည်။ လယ်မြေသိမ်းပိုက်ခံရသောသူအမြောက်အများမှာလည်း အိမ်နီးချင်းနိုင်ငံများနှင့်နယ်စပ်ဒေသများသို့အသီးသီးစွန့်သွားနေကြရလေပြီ။နေရာဒေသအသီးသီးမှ လာရောက်အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများဝင်ထွက်သွားလာနေသောဒေသများ၌ ခြင် ပေါများသဖြင့်ငှက်ဖျားရောဂါမှာလည်းအလွန်စိုးရိမ်ရလေသည်။

လယ်ယာမြေသိမ်းပိုက်ခံရမှု၏ နောက်ဆက်တွဲရလဒ်တစ်ခုမှာအမျိုးသမီးအများအပြားနယ်စပ် တိုင်းပြည်များ၌ ပြည့်တန်ဆာအဖြစ် ရောင်းစားခံနေရခြင်းပင်ဖြစ်သည်။ ၎င်းအမျိုးသမီးများမှာ ခိုလှုံရာမဲ့ခိုကိုးရာမဲ့နေရာဒေသများတွင် ပြည့်တန်ဆာများအဖြစ် HIV/AIDS ကူးစက်မှုအန္တရာယ်၌ ရေစုန်မျောနေကြရသည်။ သူတို့အဖို့ လယ်ယာမြေများ အသိမ်းမခံခဲ့ရပါက အထက်ပါ အဖြစ်ဆိုးများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရလိမ့်မည်မဟုတ်ပေ။

တတိယအနေဖြင့်လယ်ယာမြေသိမ်းပိုက်မှုကြောင့်လူမှုရေးနယ်ပယ်၌ အကျိုးသက်ရောက်မှုတခုမှာ ရာဇဝတ်မှုများများပြားလာခြင်းပင်ဖြစ်သည်။ ရွာသူရွာသားများပြောပြချက်အရ ရာဇဝတ်မှုဖြစ်ပွားမှုမှာ သူတို့၏မိသားစုဝမ်းစာဖူလုံရန်အတွက် ရာဇဝတ်မှုများကိုမကျူးလွန်ချင်ဘဲကျူးလွန်နေကြရသည်။ သူတို့သည်ပုစွန်နှင့်ဒေသခံများထံမှ ကျွဲနွားများအားခိုးယူလာကြသည်။ ၎င်းအကျိုးဆက်များကြောင့် တစ်ဦးနှင့်တစ်ဦးမယုံမကြည်ဖြစ်လာကြပြီး လူမှုအသိုင်းအဝိုင်းများ၌ စိတ်မချမ်းမြေ့ဖွယ်ရာအနှောက်အယှက်တစ်ခုဖြစ်လာရသည်။ ရာဇဝတ်မှုများပြားလာရခြင်း၏ ဒုတိယအကြောင်းအရင်းတစ်ခုမှာ လူငယ်များ၏ လူမှုရေးကျင့်ဝတ်များပျက်စီးရခြင်းပင်ဖြစ်သည်။ အထူးသဖြင့်လူငယ်များ၌အကျင့်စာရိတ္တနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များကွယ်ပျောက်လာလေသည်။ မိဘများမှာလယ်ကွင်းများ၌နေ့ညမအားအလုပ်လုပ်နေရ၍သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ရွှေ့ပြောင်းအလုပ်လုပ်နေရ၍သော်လည်းကောင်း သူတို့၏သားသမီးများအား လူမှုဝန်ထမ်းစိတ်ရှိလာအောင်၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာနေထိုင်တတ်အောင်ပြုစုပျိုးထောင်ပေးရန်အချိန်မပေးနိုင်ကြချေ။

နောက်ဆုံးအနေဖြင့် မြန်မာပြည်၌လယ်ယာမြေသိမ်းပိုက်မှုကြောင့် လူမှုရေးနယ်ပယ်ထိခိုက်မှုတစ်ခုမှာ တိုင်းရင်းသားလူမျိုးများ၏ယဉ်ကျေးမှုနိမ့်ကျလာရခြင်းပင်ဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သောရွာသားများက သူတို့မှာလယ်ယာမြေများနှင့်

ထုံးတမ်းစဉ်လာဆက်နွယ်မှုရှိနေကြသည်ဟုခံယူထားကြသည်။ လယ်ယာမြေများမှာသူတို့၏စားဝတ်နေရေးအား ဖန်တီးပေးသည်သာမက ဆေးဘက်ဆိုင်ရာ အကျိုးကျေးဇူးများနှင့်စိတ်ပိုင်းဆိုင်ရာရလဒ်များကိုလည်း ဆောင်ကြဉ်းပေးသည်။ ထို့ကြောင့်ဇာတိချက်ကြွေမွေးရပ်မြေများမှ ပြောင်းရွှေ့နှင်ထုတ်ခံရသူများအဖို့ သူတို့၏ရိုးရာယဉ်ကျေးမှုများကိုပါ လွှင့်ပစ်ခံလိုက်ရသည်ဟုယူဆထားကြလေသည်။

## သဘာဝပတ်ဝန်းကျင်

မြန်မာနိုင်ငံ၌လယ်ယာမြေသိမ်းပိုက်မှုကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်လာသည့်အကျိုးဆက်များမှာ လူမှုရေး၊ စီးပွားရေးနယ်ပယ်များ၌ ဆိုးကျိုးများကဲ့သို့ပင် တာရှည်ခံသောဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အား ဖျက်ဆီးနေခြင်းပင် ဖြစ်သည်။ လယ်မြေများသိမ်းပိုက်ပြီးနောက် အစိုးရ၏လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီး နေရပေသည်။ တဖန်ဒေသခံများ၏ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာလည်း တားဆီးပိတ်ပင်ခြင်း ခံလိုက်ရလေသည်။ ဤအကြောင်းအရာနှင့်ပတ်သက်နေသည့် သက်သေသာဓကများကို (ရှေ့၌ဖေါ် ပြခဲ့သော) ပုစွန် မွေးမြူရန်အတွက် လယ်ယာမြေသိမ်းယူမှုဖြစ်ရပ်များတွင် အစိုးရကပုစွန်မွေးမြူရေးအတွက် လယ်ယာမြေများကို သိမ်းပိုက်လိုက်သောအခါ ပေါက်ရောက်နေသောလမုတောများအား ပုစွန်ကန်များအတွက်ခုတ်ထွင်ရှင်းလင်းလိုက်လေသည်။ လမုတောများနှင့် ဒေသခံပြည်သူများအကြား တစ်ခုနှင့်တစ်ခုအပြန်အလှန်အမှီသဟဲပြုနေသည့်သဘာဝကြောင့် လမုတော များပြုန်းတီးသွားပါက ဒေသခံပြည်သူများမှာလည်း ဆုံးရှုံးမှုများနှင့်ကြုံတွေ့လာရလေသည်။ လမုတောများ၏ အကျိုးကျေးဇူး မှာ များပြားလှပေသည်။ လမုတောများမှာ လယ်ကွင်းများအား ရေလွှမ်းမိုးမှုဒါဏ်မှ ကာကွယ်ပေးလေသည်။ ၎င်းတောများမှ ရရှိသောထင်းသည်လည်း လောင်စာပြဿနာနှင့်ကြုံတွေ့နေရသော နိုင်ငံတစ်ခုအဖို့အသုံးဝင်လှပေသည်။ နောက်ဆုံးအနေဖြင့် လမုတောများမှာ ရက္ခဗေဒ မျိုးကွဲများတည်ရှိရာ နေရာဖြစ်သည်။ ၎င်းရက္ခဗေဒမျိုးကွဲများအားဒေသခံတိုင်းရင်းသားတို့ ပိုင်ဆိုင်ထားသော ရိုးရာအစဉ်အလာအသိပညာများဖြင့် ပေါင်းစပ်ပြီးအသုံးချလိုက်ပါကအဖိုးတန်သော အရင်းအမြစ် တစ်ခုဖြစ်လာပေမည်။

သတ္တုတူးဖေါ် ရေးအတွက်သိမ်းပိုက်ထားသောမြေများမှာလည်း ဒေသတွင်းရှိသဘာဝပတ်ဝန်းကျင်အားအန္တရာယ်ပေးနေလေသည်။ ကချင်ပြည်နယ်ရှိ ရွှေတူးဖေါ် ရေးလုပ်ငန်းများကြောင့် ဆိုးကျိုးများဖြစ်ပေါ် နေလေသည်။ အက်ဆစ်၊ အဆိပ်သင့်နေသောသတ္တုများနှင့် ဆိုင်ရာနိုဒ် (cyanide) ကဲ့သို့ဓါတုပစ္စည်းများမှာ ကချင်ပြည်နယ်ရွှေတူးဖေါ် ရေးလုပ်ငန်းများ၏ ဘေးထွက်ပစ္စည်းများဖြစ်ကြသည်။ ရွှေတူးဖေါ် ရန်အတွက် သစ်တောများအားခုတ်လှဲရှင်းလင်းပစ်ရသည်။ တခါတရံ ကျွန်းသစ်များမှာ အသုံးပြုခြင်းမရှိဘဲအလဟဿဆုံးရှုံးသွားရလေသည်။ ရွှေတူးဖေါ် မှုကြောင့် မိုင်းတွင်းနှင့်အနီးအနား ဒေသ ပတ်ဝန်းကျင်တို့တွင် အညစ်အကြေးတို့ကြောင့် အဆိပ်ဖြစ်စေသည်။ ၎င်းပတ်ဝန်းကျင်များမှာ စိုက်ပျိုး၍မရနိုင်သော စွန့်ပစ်မြေများသာကျန်ရစ်လေသည်။ မြစ်ချောင်းများ၌ သောက်သုံးရေနှင့် ရက္ခဗေဒမျိုးကွဲများကိုလည်း ဆိုးဆိုးဝါးဝါး ထိခိုက် နေပေသည်။

## နိဂုံး

နအဖသည် ရခိုင်ပြည်နယ်၌နောက်ထပ်လယ်ယာမြေဧက (၅၀၀၀) ကို စစ်တပ်တိုးချဲ့မှု၊ ကြက်ဆူစိုက်ပျိုးမှုနှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံသို့သွယ်တန်းဖေါက်လုပ်မည့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းအတွက် သိမ်းပိုက်ရန်မကြာမီက ကြေငြာခဲ့သည်။ ထို့ကြောင့်ရခိုင်ပြည်နယ်၌ လယ်ယာမြေသိမ်းပိုက်မှုများမှာ လျော့ကျသွားမည့်အရိပ်အယောင်မတွေ့ရချေ။ အထက်ပါ လုပ်ဆောင်ချက်များအရ မြန်မာပြည်သူများမှာလယ်ယာမြေသိမ်းပိုက်ခံရမှုဒါဏ်နှင့် အမြဲတစေရင်ဆိုင်နေရဦးမည့် အရိပ်အယောင်ကိုပြသလိုက်ခြင်းပင်ဖြစ်သည်။ ယင်းကြောင့် မြန်မာနိုင်ငံ၌နိုင်ငံရေးအသွင်ကူးပြောင်းမှုသည်လည်း ဖြစ်ထွန်းလာမည့်ပုံ မပေါ် ချေ။ နိဂုံးချုပ်အနေဖြင့် ဤဆောင်ပါးသည် မြန်မာပြည်၌လယ်ယာမြေသိမ်းပိုက်မှုပြဿနာအား ရပ်တန့်သွားစေမည့် အဖြေမှန်တစ်ခုမဟုတ်သော်လည်း (NEED) အဖွဲ့၏လုပ်ဆောင်ချက်များနှင့် ကြိုးပမ်းချက်များကိုဖေါ် ထုတ်ပြသလိုက်ခြင်း ပင်ဖြစ်သည်။ (NEED) အဖွဲ့သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ကာလတာရှည်ခံစားနေရသော လယ်ယာမြေသိမ်းပိုက်မှုဒါဏ်အား ခုခံကာကွယ်နိုင်စေရန်နှင့်ရှေ့၌ကြုံတွေ့လာရမည့် ဆိုးကျိုးများအား လျော့ကျစေရန်မျှော်လင့်ချက်ဖြင့် မြန်မာ့လူမှုရေးအင်အားစုများတောင့်တင်းခိုင်မာလာစေရန်အတွက်ကြိုးပမ်းနေပေသည်။

# ရခိုင်ပြည်နယ်၏ ဆန်စပါးစိုက်ပျိုးရေးနှင့် ဓါတုဓါတ်မြေဩဇာအသုံးပြုမှု သမိုင်းအကျဉ်း

(ခိုင်ရှုဝံ)

မြန်မာပြည်ရှိ တောင်သူလယ်သမားတို့၏လူမှုဘဝတို့မှာ ဖျက်ဆီးခံနေရလေသည်။ ဓါတုဓာတ်မြေဩဇာ အတင်းအဓမ္မ သုံးစွဲခိုင်းမှု၊ ဆန်စပါးစိုက်ပျိုးမှုတို့နှင့် ဆက်စပ်နေသော နအဖ၏ မူဝါဒများကြောင့် လယ်သမားများမှာ ဆင်းရဲမွဲတေမှုသံသရာ ထဲ၌ တဝဲဝဲလည်နေကြရသည်။

(၁၉၈၈) ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) က တိုင်းပြည်အာဏာကို သိမ်းယူလိုက်ပြီး နောက် မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(MAPT) ကို နိုင်ငံခြားကုန်သွယ်ရေးနှင့် ဆန်စပါးဈေးကွက်တို့အား ကြီးကြပ်ကွပ်ကဲရန်အတွက် ထူထောင်ခဲ့လေသည်။ ဤ ဝန်ကြီးဌာနက အောက်ပါဦးတည်ချက်များအတိုင်း ဆောင်ရွက်မည် ဟုလည်း အဆိုပြုထားလေသည်။

(က) သင့်တော်သော ဈေးနှုန်းများဖြင့် ဆန်စပါးရောင်းချမှုအတွက် စီမံပေးရန်
(ခ ) သဘာဝဘေးအန္တရာယ် ဒုက္ခသည်များအား ဆန်စပါးအခမဲ့ ထောက်ပံ့ပေးမှု အတွက် စီမံပေးရန်
(ဂ ) နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အရေးပေါ် အခြေအနေ များအတွက် ဆန်စပါးအပိုအလျှံ ထားရှိရန်
(ဃ) နိုင်ငံခြား အမြတ်ငွေ ရရှိစေရန်အတွက် ပိုလျှံသော ဆန်စပါးအား တင်ပို့ရောင်းချရန်

သတ်မှတ်ဈေးနှုန်းဖြင့် ဆန်စပါး (၁၀) ရာခိုင်နှုန်းဝယ်ယူခြင်းသည် အစိုးရအဖို့ အထက်ပါဦးတည်ချက်များအား အကောင် အထည်ဖေါ် ဆောင်ရွက် နိုင်ခြင်းဖြစ်လေသည်ဟု(MAPT) က ဖေါ် ပြထားသည်။ နိုင်ငံ၏စည်းကမ်းဥပဒေ အရ လယ်သမား များ၊ ကုန်သည်များ နှင့် ဆန်စက်ပိုင်ရှင်များအား ဆန်စပါး ဝယ်ယူမှု၊ တင်ပို့မှု၊ သိုလှောင်မှု နှင့် ကြိတ်ခွဲမှု တို့ကိုလွတ်လပ်စွာ ဆောင်ရွက်နိုင်ပြီး စုစုပေါင်းဆန်စပါး အထွက်နှုန်း (၉၀) ရာခိုင်နှုန်းကိုလည်း ရောင်းချခွင့်ပြုထားလေသည်။ စည်းမျဉ်းစည်းကမ်း အရ လယ်သမားတစ်ယောက်စီသည် တစ်ဧကလျှင် ဆန်စပါး (၁၂) တောင်းထက်ပို၍ နိုင်ငံတော်အားရောင်းချရန် မလိုအပ်ဟု ဆိုထားခဲ့လေသည်။ ဒေသဆိုင်ရာ အာဏာပိုင်များသည်လည်း အထက်ပါ ဆန်စပါး ရောင်းဝယ်မှု စည်းကမ်းစည်းမျဉ်းများ အား လိုက်နာရန် အမိန့်ချထားခဲ့လေသည်။ ဤစနစ်အောက်၌ (MAPT) သည် စပါးမရိတ်သိမ်းမီ ထုတ်ချေးထားသော ချေးငွေအရ လယ်သမားများထံမှ စပါးတိုက်ရိုက် ဝယ်ယူခဲ့ကြသည်။ ဤစနစ်အား (၁၉၈၈ – ၁၉၉၆) ခုနှစ် အထိသာလျှင် ကျင့်သုံးခဲ့လေသည်။ (၁၉၉၆ – ၁၉၉၇) ခုနှစ် စိုက်ပျိုးရာသီများ၌ (နဝတ) သည် ဤစနစ်အားဖျက်သိမ်းလိုက်ပြီး ချေးငွေ ထုတ်ပေးခြင်းမရှိဘဲ လယ်သမားများထံမှ စပါးဝယ်ယူရန်စတင်ခဲ့လေသည်။ နောက်တစ်နှစ်တွင် နဝတ သည် ဆန်စပါးကို လယ်သမားများထံမှ တိုက်ရိုက်မဝယ်ယူဘဲ ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များထံမှ ဝယ်ယူလာကြသည်။ နဝတက တိုင်းပြည် အကျိုးစီးပွါးအတွက် ၎င်း ပြုပြင်ပြောင်းလဲမှုများအားလုပ်ရခြင်းဖြစ်သည်ဟု ဆိုလေသည်။သို့သော်ဤစနစ်မှာ တာရှည်မခံခဲ့ပေ။ အစိုးရက ဈေးနှုန်းများမတည်မငြိမ်ဖြစ်ခြင်းကိုသာ အပြစ်တင်ခဲ့လေသည်။

နအဖ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ) ၏စီမံချက်အရ ၁၉၉၈ ခုနှစ် ဇန်နဝါရီ ပထမအပတ်မတိုင်မီ အစိုးရသည်ထပ်မံပြီး ဆန်စပါးကို လယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူခဲ့ကြသည်။ သို့သော် ဤအကြိမ်၌ နှစ်ဦး သဘောတူ ထားသောနှုန်းအရသာ ရောင်းဝယ်နေကြခြင်းဖြစ်သည်။ မြန်မာပြည်၌ နအဖ ထုတ်ပြန်ထားသော ဤစပါးလုပ်ငန်း သမိုင်းမှာ အတုအယောင်လုပ်ကြံဖန်တီးမှုတစ်ခုသာ ဖြစ်သည်။ အထက်၌ဖေါ် ပြခဲ့သော (နဝတ) တို့၏ အဆိုပြုထားသော ဦးတည်ချက် များသည် စစ်အစိုးရအတွက် မည့်သည့်အခါမှ စစ်မှန်သော ရည်ရွယ်ချက်များဖြစ်လာကြမည်မဟုတ်ပေ။ အချိန်တိုင်း၌ အာဏာ ရှင်စစ်အစိုးရသည် ဈေးကွက်ဈေးနှုန်းထက်နိမ့်ကျသောဈေးနှုန်းများဖြင့်သာ အဓမ္မစပါးဝယ်ယူနေသည့်အပြင် လူနှင့် လယ်ယာ မြေများအား အန္တ ရာယ်ဖြစ်စေသည့် စိုက်ပျိုးရေးနည်းစနစ်များကိုလည်း အသုံးပြုနေကြလေသည်။ ဤစာတမ်း၌ အစိုးရ၏ ဆန် စပါးလုပ်ငန်းအပေါ် ကျင့်သုံးနေသော အဖျက်အနှောင့်စည်းမျဉ်းစည်းကမ်းများနှင့် ဓါတု ဓါတ်မြေဩဇာ အခန်းကဏ္ဍတို့ကို ဆွေးနွေးတင်ပြထားလေသည်။ နအဖအစိုးရက နဝတအစိုးရသည် တစ်ဧကလျှင် ဆန်စပါးအများဆုံး (၁၂) တင်းအား သင့်လျော် သောဈေးနှုန်းဖြင့်ဝယ်ယူခဲ့သည်ဟု ဖေါ် ပြထားသော်လည်း (၁၉၉၀) ခုနှစ် ဈေးကွက်ဈေးနှုန်းမှာ လယ်သမားများရရှိသော သတ်မှတ်ဈေးနှုန်းထက် (၄၀) ရာခိုင်နှုန်း မြင့်မားနေခဲ့လေသည်။ ဈေးကွက်၌ စပါးတစ်တောင်းလျှင် (၃၆) ကျပ်နှုန်းဈေးပေါက် နေချိန်တွင် လယ်သမားတို့မှာ အစိုးရထံမှ စပါးတစ်တောင်းလျှင် (၉) ကျပ်သာရရှိခဲ့ကြလေသည်။ လယ်မြေတစ်ဧကမှ (၁၂) တင်း

ရောင်းချခြင်းမှာ လယ်သမားတို့အတွက် မခံမရပ်နိုင်စရာဖြစ်လေသည်။ လယ်သမားတစ် ယောက် လယ်ကျင်း (၆) ကေ ပိုင်ဆိုင်ပါက သတ်မှတ်ဈေးနှုန်း၌ စပါးအတောင်း (၇၂) တင်း အစိုးရထံ ရောင်းချနေရသည်။ ယင်းအချိန်အခါက ရာသီဥတု ကောင်းမွန်သောအချိန်၌ မြေဆီလွှာကောင်းမွန်သော လယ်မြေ (၆) ကေမှ စပါးတင်း (၁၅၀) မှ (၁၈၀) ခန့်သာရရှိခဲ့သည်။ ထို့ကြောင့် လယ်သမားတစ်ယောက်လျှင် တစ်နှစ်အတွက် သူ့မိသားစု ဝမ်းစာမှာ စပါး (၇၈) တင်း မှ (၁၀၈) တင်းထိသာကျန်ရစ်ခဲ့လေသည်။ ကျန်ရှိနေသော ဆန်စပါးတို့နှင့် လယ်သမားများမှာ အဝတ်အထည်၊ စောင်၊ ဆေးဝါး၊ ကုသမှုစရိတ်၊ ကလေးများပညာရေးစရိတ်နှင့် အခြားနေထိုင်မှု၊ ကုန်ကျစရိတ်တို့အတွက် အသုံးပြုနေကြရ သည်။ ယခု နအဖက လယ်သမားများမှ ထွက်ရှိသော စပါး (၉၀) ရာခိုင်နှုန်းအား လွတ်လွတ်လပ်လပ် ပြုလုပ်နိုင်ခဲ့ကြသည် ဟု အဆိုပြုထားသော်လည်း အစိုးရကောက်ခံသည့် တစ်ကေလျှင် စပါး (၁၂) တင်းမှာ ထွက်ရှိသောစပါးပမာဏ ၏ (၄၀) မှ (၄၈) ရာခိုင်နှုန်းခန့်ရှိနေခဲ့သည်။ လယ်သမားများအတွက် စပါးပမာဏထက်ဝက်ခန့် သာကျန်ခဲ့လေသည်။ အစိုးရထံ အထက်ပါ စပါးပမာဏအား မရောင်းချသော လယ်သမားများမှာ အနည်းဆုံး (၆) လ ခန့်ထိန်းသိမ်းခံကြရလေသည်။ ဤအချိန်၌ ရခိုင် ပြည်ရှိ လယ်သမားတို့မှာ (နဝတ) ထံပေးဆပ်မည့် စပါးဝယ်ယူရန်အတွက် သူတို့၏ကျွဲနွားများအား ရောင်းချခဲ့ကြရ လေသည်။

## ရခိုင်ပြည်နယ် ဆန်စပါး စိုက်ပျိုးရေးနှင့် အစိုးရပါဝင်ပတ်သက်မှု ခေတ်ပြိုင်သမိုင်း



နအဖစစ်တပ်မှ အတင်းအဓမ္မစေခိုင်းမှုဖြင့်
စပါးအိတ်ထမ်းနေသော ရခိုင်ပြည်နယ်မှ အမျိုးသမီးများ

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၌ ဆန်စပါးအများဆုံး ထွက်ရှိသောနေရာများအနက် တစ်ခုဖြစ်လေသည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုမှစပြီး လယ်သမားအများစုမှာ ဓါတုဓါတ်မြေသြဇာနှင့် မျိုးစေ့များကို အစိုးရထံမှ မဝယ်မနေရ ဝယ်ယူနေကြရ လေသည်။ အစိုးရကဓါတုဓါတ်မြေသြဇာနှင့် မျိုးစေ့ရောင်းချလျက် စီးပွါးရေးလုပ်နေကြသည်။ လယ်သမားတို့မှာ အစိုးရနှင့် အာဏာပိုင်တို့အား ဆန်စပါးကို ဈေးကွက်ဈေးနှုန်းထက်လျှော့ချ၍ရောင်းနေကြရသည်။ တဖန်လယ်ယာစိုက်ပျိုးရာ၌လည်း လယ်သမားများမှာ စိုက်ပျိုးရေးနည်း စနစ်သစ်များအသုံးပြုရန် အတင်းအဓမ္မခိုင်းစေခံနေကြရသည်။ သို့သော်လည်း ဤနည်း စနစ်မှာ လယ်သမားတို့၏ ဗဟုသုတ၊ ကြိုက်နှစ်သက်မှုတို့နှင့် ဆန့်ကျင်နေလေသည်။ ထို့ကြောင့် ၎င်းနည်းစနစ်အား လျစ်လျူရှုထားလိုက်ကြသည်။ ရခိုင်ပြည်နယ်ရှိ မြေနိမ့်ဒေသများနှင့် ပင်လယ်နှင့် အနီးအနားတွင်ရှိသောဒေသများတွင် မကြာခဏ မြစ်ရေ၊ ပင်လယ်ရေ လွှမ်းမိုးတတ်သဖြင့် အတွေ့အကြုံရင့်ကျက်ပြီးဖြစ်သော လယ်သမားတို့မှာ ကောက်ပဲသီးနှံတို့အား မည်ကဲ့သို့ ပြုစုပျိုးထောင်ရမည်ဆိုသည်ကို သိရှိပြီးသားဖြစ်လေသည်။ ဒေသခံများသည် ရာသီဥတုပြောင်းလဲမှုများနှင့်အညီ မိရိုးဖလာနည်းအရ စိုက်ပျိုးကြလေသည်။ ဥပမာအားဖြင့် သူတို့သည် လယ်ယာမြေများ မထွန်ယက်မီ မိုးရာသီ၌ အများဆုံး ဖြစ်ထွန်းသော စပါးစေ့များအားရွေးချယ်ကြရမည်ဖြစ်သည်။ ဤကျွမ်းကျင်မှုများအပေါ် နအဖ တို့က ဂရုမစိုက်ကြဘဲ စိုက်ပျိုးရေးနည်းစနစ်သစ် ကိုသာ အသုံးပြုရန် စေခိုင်းလျက်ရှိလေသည်။ ယင်းကြောင့် စပါးအထွက်နှုန်းမှာ ထိခိုက်လာရသည်။

(၁၉၈၃) ခုနှစ်မှစ၍ မဆလ၊ နဝတ၊ နအဖ အစိုးရအဆက်ဆက်လက်အောက်၌ နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဌာနသည် ယူရီးယား **(urea)**၊ ထရိုင်ဆိုဒီယမ် ဖော့စဖိတ် **(Trisodium phosphate-TSP)** နှင့် ပိုတက်ဆီယမ် ကလိုရိုက် **(potassium chlorife-KCI)** ကဲ့သို့သော ဓါတ်မြေသြဇာများကို လယ်သမားများအား လယ်ကွင်းထဲ၌ အသုံးပြုရန်ရောင်းချခဲ့သည်။ အမှန်တကယ်အားဖြင့် အသက်ကြီးပိုင်းလယ်သမားများမှာ ဓါတုဓါတ်မြေသြဇာအသုံးပြုခြင်းကို မနှစ်သက်ချေ။ လယ်သမားအများစုမှာလည်း မိရိုးဖလာ နည်းစနစ်များဖြင့်သာ ထွန်ယက်စိုက်ပျိုးချင်ကြလေသည်၊ ယင်းအချိန်၌ ရခိုင်ပြည်နယ်မြို့နယ်တိုင်းရှိ အစိုးရအာဏာပိုင်တို့မှာ ဓါတုဓါတ်မြေသြဇာ၏ အကျိုးကျေးဇူးအပေါ် ပုံကြီးချဲ့၍ ကြွေကြော်နေကြသည်။ ၎င်းတို့မှာ အဆိုပါဓါတ်မြေသြဇာကို အသုံးပြုပါက လယ်ယာမြေများနှင့် လယ်သမားတို့၏ ဘဝ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟူ၍ မြူဆွယ်ပြောဆိုနေခြင်းပင်ဖြစ်သည်။ အဆိုးဆုံးက ၎င်းကုန်ပစ္စည်းတို့၏ အကျိုးသက်ရောက်မှုများနှင့် အသုံးပြုပုံကို လယ်

သမားတို့အား မည်သည့်သင်တန်းမှ မပေးကြချေ။ ကြံတောင့်ကြံခဲ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာများသည် ရွာသားများပိုင်လယ်မြေများ အားအသုံးပြု၍ ဓါတုဓါတ်မြေသြဇာအသုံးပြုမှုအပေါ် သရုပ်ပြကာ ခေတ်သစ်စိုက်ပျိုးရေး အား လာရောက်ဟောပြောဆွေးနွေး တတ်ကြသည်။ သို့သော် ဒေသခံများက ၎င်းဟောပြောဆွေးနွေးပွဲများမှာ သတင်းအချက်အလက် ခိုင်လုံမှု မရှိဘဲ အပေါ်ယံသက်သက်သာဖြစ်သည်ဟုဆိုကြလေသည်။ ဤစိုက်ပျိုးရေးမန်နေဂျာများမှာ အထက် အာဏာပိုင် များထံသို့ ဒေသခံလယ်သမားတို့အား ဓါတုဓာတ်မြေသြဇာ အသုံးပြုမှု အတွက် ပညာပေးပြီးပြီဟု၍ အစီရင်ခံကြရလေသည်။ အစိုးရသည်လည်း ဤအစီရင်ခံထားသော သတင်းအချက်အလက်များအား ခြင်းချက်မရှိလက်ခံကြသည်။

လယ်သမားတို့သည် လျှော့ဈေးဖြင့် အစိုးရကိုစပါးမရောင်းချ၍ လယ်ယာမြေများသိမ်းပိုက်ခံကြရသည်။ လယ်ယာမြေသိမ်းပိုက်ခံရမှုအပေါ် မကျေမနပ်ဖြစ်နေသော လယ်သမားများမှာ အဖမ်းခံရပြီး ထောင် (၆) လ ကျခံရလေသည်။ (နဝတ) သည် (မဆလ) ထံမှ အာဏာသိမ်းယူလိုက်ပြီးနောက် မြို့နယ်တစ်မြို့နယ်စီ၌ လယ်မြေသိမ်းပိုက်မှုအား မကျေမနပ်ဖြစ်နေကြသော အနည်းဆုံးလယ်သမားအယောက် ၆၀ ခန့်ကို ဖမ်းဆီးပြီး ဒဏ်ငွေ (၂၀၀၀၀) စီ ချမှတ်လိုက်လေသည်။ ဒဏ်ငွေ မပေးနိုင်သောလယ်သမားများမှာ အကန့်အသတ်မရှိ အထိန်းသိမ်းခံရလေသည်။

(မဆလ) အစိုးရသည် "မြစိမ်းဝါစိုက်ပျိုးရေးစီမံကိန်း" ဟုအမည်ရှိသော စီမံကိန်းတစ်ခုရေးဆွဲပြီး ရခိုင်ပြည်နယ်၌ ၁၉၈၇ ဇူလိုင် (၃၁) ရက်မှ ဩဂုတ် (၃၁) နေ့ထိ အကောင်အထည်ဖေါ်ရန် ချမှတ်ခဲ့လေသည်။ အသုံးပြုလာသော မိရိုးဖလာ စိုက်ပျိုးရေးစနစ်များအား စွန့်လွှတ်ပြီး သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်အားအသုံးပြုကြရန် အစိုးရက လယ်သမားများအား အမိန့်ထုတ်ပြန်ခဲ့လေသည်။ အစိုးရဝန်ထမ်းအမြောက် အများမှာလည်း သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သစ် နှင့်အညီ လယ်ကွင်းများသို့သွား၍ လုပ်အားပေးနေခဲ့ကြရလေသည်။ စိုက်ပျိုးရေးနည်းစနစ်သစ်၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် ဓါတုဓာတ်မြေသြဇာအသုံးပြုရန် လယ်သမားများအား အတင်းခိုင်းစေထားသည်။ ၎င်းဓါတ်မြေသြဇာကို အစိုးရချေးငွေဖြင့် ဝယ်ယူထားခြင်းဖြစ်သည်။ စိုက်ပျိုးရေးရာများတွင် ဓါတုဓါတ်မြေသြဇာ အသုံးပြုနိုင်ရန်အတွက် လယ်သမားများအား ငွေထုတ် ချေးလေသည်။ စပါးရိတ်သိမ်းပြီးနောက် ချေးယူထားသောငွေများကို လယ်သမားတို့က အတိုး (၃) ရာခိုင်နှုန်းဖြင့် ပြန်ပေးရ သည်။ သို့သော်လည်း လယ်သမားများမှာ ဆန်စပါးအား ဈေးလျှော့၍ စစ်တပ်ထဲသို့ မရောင်းမနေရ ရောင်းချနေရ၍ အထက်ပါ ချေးငွေအားပြန်ဆပ်နိုင်ရန် မလွယ်ကူချေ။ ချေးငွေအား ပြန်မပေးနိုင်ပါက ပြင်းထန်သော ပြစ်ဒဏ်များကို ကျခံရလေသည်။ စစ်တပ်က လယ်သမားများထံမှ ပိုင်ဆိုင်မှုများအား သိမ်းပိုက်ပြီး လယ်ယာလုပ်ငန်းနှင့်ဆိုင်သော ပစ္စည်းများ သိမ်းပိုက်ခြင်း၊ တခါတရံ ၎င်းလယ်သမားတို့အား ထောင်သွင်း အကျဉ်းချခြင်းတို့ကို လုပ်ဆောင်ကြလေသည်။

**ဓါတ်မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်းစနစ်**

မြန်မာနိုင်ငံ အနောက်ဘက်ဒေသ၌ စစ်အာဏာပိုင်များနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီတို့က ဘင်္ဂလားဒေ့ချ် မှ ဓါတ်မြေသြဇာအား ရခိုင်ပြည်နယ် မြို့တော် စစ်တွေမြို့ရှိ ရွှေမင်းဂံ ဆိပ်ကမ်းသို့ ပုံမှန်အားဖြင့် တင်ပို့ကြသည်။ ၎င်းနောက် မြို့နယ်တစ်ခုစီရှိ ရင်းနှီးသော ကော်မတီ များကသာ ဓါတ်မြေသြဇာအားလက်ခံရရှိကြသည်။ ၎င်းမြို့နယ်ကော်မတီများက တစ်ဆင့် ကျေးရွာကိုယ်စားလှယ်များထံသို့ ၎င်းဓါတ်မြေသြဇာများအားရောင်းချ ခွင့်ပေးကြသည်။ ဤကျေးရွာ ကြားပွဲစား များမှတစ်ဆင့်သာ ဓါတ်မြေသြဇာများကို လယ်သမားများဝယ်ယူသုံးစွဲနေကြရသည်။ ၎င်းကျေးရွာ ကြားပွဲစားများက လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်ခန့်က စစ်တပ်က ပြုလုပ်သကဲ့သို့ လယ်သမားများအား ချေးငွေထုတ်ပေးကြသည်။ ဆောင်းရာသီ စပါးရိတ်သိမ်းပြီးချိန်၌ ၎င်းပွဲစားများက လယ်သမားများထံမှ ချေးငွေများအား ကောက်ခံရာတွင် ငွေ (သို့မဟုတ်) ဆန်စပါး တောင်းခံကြသည်။ သဘာဝအန္တရာယ်ကြောင့် စိုက်ပျိုးရေးမဖြစ်ထွန်း၍ လယ်သမားများမှာ ချေးငွေ ပြန်မပေး နိုင်ပါက သူတို့၏ကြွေးရှင် မြီရှင် ချစ်တီးများက ကျွဲနွားများနှင့် လယ်ယာမြေများအားသိမ်းပိုက်ကြလေသည်။

**ရှမ်းပြည်နယ်အရှေ့ပိုင်းမှ သာဓက တစ်ခု**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် အာဏာပိုင်တို့ကလည်း လူအများအား ဓါတ်မြေသြဇာဝယ်ယူရန် အတင်းအဓမ္မတိုက်တွန်းနေကြလေသည်။ လကုန်၍ အစိုးရဝန်ထမ်းများအားလုံး လစာငွေထုတ်ယူရန် မြို့နယ်ရုံးသို့ သွားသောအခါ လစာငွေထုတ်ပေးသူများက ဝန်ထမ်းများအား လယ်ယာမြေ ပိုင်ဆိုင်မှု ရှိသလားဟူ၍ မေးမြန်းကြလေသည်။ လယ်ယာမြေပိုင်

ဆိုင်သောဝန်ထမ်းများအား ဓါတ်မြေဩဇာတစ်အိတ်ကို အတင်းဝယ်ယူခိုင်းကြလေသည်။ ဝယ်ယူသော ဓါတ်မြေဩဇာ တစ်အိတ်အတွက် ၎င်းတို့ရရှိသော လစာငွေမှ ဖြတ်တောက်ခြင်းခံကြရလေသည်။

## လယ်ယာစိုက်ပျိုးရေး ထောက်ပံ့ငွေ နှင့် စည်းမျဉ်းစည်းကမ်း

(နဝတ) အစိုးရလက်ထက်တွင် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး(MAPT) ၏အစိတ်အပိုင်းတစ်ခုအဖြစ် လယ်ယာစိုက်ပျိုးရေး ဘဏ်(Agricultural Bank) အားထူထောင်ခဲ့လေသည်။ ၎င်းလယ်ယာစိုက်ပျိုးရေးဘဏ်မှလယ်သမားများအား အတိုးနှုန်း (၃) ရာခိုင်နှုန်းဖြင့် စပါးမရိတ်သိမ်းမီ ချေးငွေထုတ်ပေးလေသည်။ ချေးငွေထုတ်ယူခြင်း၊ မယူခြင်းနှင့် ပက်သက်၍ လယ်သမားများအား ရွေးချယ်ခွင့်မပေးချေ။ လယ်သမားများ စပါးရိတ်သိမ်းပြီးချိန်၌ စပါးရောင်းလိုအားမြင့်မားနေသောကြောင့် စပါးဈေးနှုန်းမှာ တခြားရာသီများထက် နိမ့်ကျလေသည်။ ထို့ပြင် လယ်သမားများမှာ ဈေးကောင်းကောင်းရသော ဈေးကွက်များသို့ စပါးသယ်ယူ တင်ပို့ရောင်းချခွင့်ကိုလည်း ပိတ်ပင်တားဆီးထားကြလေသည်။ ထို့ကြောင့် လယ်သမားတို့သည် သူတို့၏ စပါးကို ဈေးပေါပေါဖြင့် ရောင်းချနေကြရသည်။ သို့သော် တခြားရာသီများ၌ လယ်သမားတို့အဖို့ စပါးဝယ်ယူလိုပါက ဈေးနှုန်းမှာ အဆမတန် မြင့်မားနေပြီဖြစ်သည်။ ငွေတိုးချေးစားသူများ (ကြွေးရှင်မြီရှင်များ)၊ စိုက်ပျိုးရေး မန်နေဂျာများ၊ မြို့နယ်အာဏာပိုင်များသည်လည်း လယ်သမားများထံမှ စပါးကို စပါးရိတ်သိမ်းချိန်များတွင် နည်းမျိုးစုံဖြင့် ခိုးယူနေကြသည်။ ထို့အပြင် အစိုးရက စပါးပမာဏ အများအပြားရယူသောကြောင့် အထက်၌ဖေါ် ပြခဲ့သည့်အတိုင်း လယ်သမားများမှာ တခြားနေရာများသို့ စပါးတင်ပို့ရောင်းချခွင့်မရှိတော့ပေ။ ဤသည်မှာ စပါးကို ဆန်အဖြစ် ထုတ်လုပ်ခွင့် မရခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ချေးငွေများအား အစိုးရမှ ကောက်ခံချိန်၌ လယ်သမားများမှာ လိုအပ်သည့် ပစ္စည်းများ ဝယ်ယူသုံးစွဲရန် ငွေကြေးမရှိတော့ပေ။ အဝတ်အစား၊ ချက်ပြုတ်ရေးပစ္စည်းများ၊ စားဆီ၊ ငပိ စသည့် ပစ္စည်းများမှာ စပါး ရိတ်သိမ်းပြီးချိန်၌ လယ်သမားများအတွက် မရှိမဖြစ် ဝယ်ယူကြရမည့် ပစ္စည်းများဖြစ်လေသည်။ နှစ်စဉ်နှစ်တိုင်း လယ်သမား များအနေဖြင့် ဝင်ငွေမရှိဘဲ အသက်ရှင်နေထိုင်ရန်မဖြစ်နိုင်ပေ။ အစိုးရကလည်း ဈေးနှိမ်၍ စပါးဝယ်ယူနေသောကြောင့် လယ် သမားတို့မှာ အခက်အခဲဖြင့်သာ ရင်ဆိုင်နေကြရလေသည်။ ထို့ကြောင့် လယ်သမားတို့မှာ အဖမ်းအဆီးများကိုဆွေးနွေးပြီး စပါးကို အခြားနေရာများသို့ တင်ပို့ရောင်းချရန် လမ်းကြောင်းများရှာဖွေလာကြလေသည်။ ရေကြောင်းလမ်းခရီးများကို စစ်တပ်က စောင့်ကြပ်နေတတ်သဖြင့် တခါတရံ လယ်သမားများမှာ အဖမ်းအဆီးကင်းဝေးသော လမုတောများ၊ တောတောင် များကို ဖြတ်လျှက် လမ်းကြိုလမ်းကြားများအား အသုံးပြုလာကြရလေသည်။ ရခိုင်ပြည်နယ်အနောက်ဘက်ရှိ လယ်သမား အများအပြားမှာ ဘင်္ဂလားဒေ့ရှ် ရှိ အဝယ်ဒိုင်များထံသို့ စပါးမှောင်ခိုကူးရန် ရွေးချယ်လာရလေသည်။ ဤသည်မှာ အန္တရာယ်များသော နည်းလမ်းတစ်ခုပင် ဖြစ်လေသည်။ သို့သော်လည်း လယ်သမားတို့မှာ လူတို့၏ ဆင်းရဲမွဲတေသော ဘဝအခြေအနေအရ ရင်ဆိုင်ကြုံတွေ့ရမည့် အန္တရာယ်များအား ဂရုမပြုကြတော့ချေ။

ဓါတ်မြေသြဇာဖြန့်ဖြူး ရောင်းချမှုအပေါ် လက်ဝါးကြီးအုပ်ကြီးစိုး ခြယ်လှယ်ခြင်းအားပြသသည့် ပုံကြမ်း။




အင်းပေါက်ဝကုမ္ပဏီ
ဓါတ်မြေသြဇာဈေးကွက် (တင်သွင်းမှုနှင့် ငွေချေးစနစ်)

| ဓါတ်မြေသြဇာ အမျိုးအစား | ငွေချေးစားသူများမှ ချေးငွေ ဇူလိုင်လ တွင်ရောင်း (ကျပ်ဖြင့်) | လစဉ် အတိုးနှုန်း | နိုဝင်ဘာ၊ဒီဇင် ဘာလ၌ပြန်ဆပ် ရသောအကြွေး | ၂၀.၈၇ကီလိုဂရမ် စပါးတောင်းနှင့် ညီမျှငွေ | ငွေချေးစားသူများ ရရှိသော အသားတင် အမြတ်(ကျပ်ဖြင့်) | နှစ်စဉ်တင်သွင်းမှု ၁။ တန် ၂။ အိတ် |
|---|---|---|---|---|---|---|
| ယူရီးယား | ၂၆၀၀၀ | ၁၀ % | ၃၉၀၀၀ | ၂၅ | ၁၃၀၀၀ | ၁။ ၂၀၀၀ ၂။ |
| ထရိုင်ဆိုဒီယမ် ဖော့စဖိတ်(TSP) | ၃၂၀၀၀ | ၁၀ % | ၄၈၀၀၀ | ၃၀ | ၁၆၀၀၀ | ၄၀၀၀၀ ၁။ ၂၀၀၀ ၂။ ၄၀၀၀၀ |
| ပိုတက်ဆီယမ် ကလိုရိုဒ်(KCl) | ၈၀၀၀ | ၁၀ % | ၁၂၀၀၀ | ၁၈ | ၄၀၀၀ | ၁။ ၂၀၀၀ ၂။ ၄၀၀၀၀ |

## သဘာဝပတ်ဝန်းကျင်နှင့် တောင်သူလယ်သမားများအတွက် အကျိုးဆက်များ

ဓါတ်မြေသြဇာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသောကြောင့် ရက္ခ၊ ဇီဝမျိုးကွဲများ(Biodiversity) တဖြည်းဖြည်းပျက်စီးလာရသည်။ မိုးရာသီကျော်လွန်ပြီးနောက် လယ်ကွင်းများ၌ ရှာဖွေကျက်စားနေကြသော တိရစ္ဆာန်များသည်လည်း ပျောက်ကွယ်လာရလေသည်။ ဒေသခံများ အဆိုအရ ငှက်ငယ်များ၊ အင်းဆက်ပိုးများနှင့် ဖားများသည် မျိုးပြုန်းတီး မှုများနှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။ လယ်ကွင်းများ၌ တွေ့ရသော တိရစ္ဆာန်များမှာ လယ်ကွင်းထဲရှိ ရေနှင့် မြေအဆိပ်ဖြစ်မှု ကြောင့် အသက်ရှင်ရပ်တည်ရန် မလွယ်ကူကြတော့ပေ။ မြေဆီလွှာသည် အရှိန်အဟုန်ဖြင့်ပျက်စီးလာရသည်။ ယူရီးယား(urea) ဓါတ်မြေသြဇာ အသုံးပြုမှုကြောင့် စပါးအပါအဝင် မည်သည့်သီးနှံပင်မှ လယ်ကွင်းများ၌ မဖြစ်ထွန်းနိုင်တော့သည်ကို လယ်သမားများ တွေ့ရှိထားကြ သည်။ သာမန်အခြေအနေများတွင် စပါးရိတ်သိမ်း ပြီးနောက် လယ်ကွင်းများ၌ မြက်ပင်များ ပေါက်ရောက်လာကြသည်။သို့သော်ဓါတ်မြေသြဇာများ အသုံးပြုမှုကြောင့် မြေဆီလွှာခြောက်သွေ့ကုန်ခမ်းလာရပြီး မြက်ပင်၊ ပေါင်းပင်တို့မပေါက်ရောက်ကြတော့ပေ။ ကျွဲ နွားများသည်လည်း လယ်ကွင်းများ၌ ကျက်စားရန် မလွယ်ကူတော့ပေ။ လယ်သမားများမှာ ကျွဲနွား များအားအစာရေစာကျွေးမွေးရန် အခက်အခဲ ကြုံတွေ့နေကြရသည်။ တဖန် နွားချေးကိုလည်း ရိုးရာအစဉ်အလာအရ သဘာဝ မြေသြဇာအဖြစ် အသုံးမပြုကြတော့ချေ။ ဓါတ်မြေသြဇာအသုံးပြုမှုကြောင့် အစာရေစာ ရှားပါးလာပြီး ရေအဆိပ်ဖြစ်မှုကြောင့် ကျွဲ နွားတို့သည်လည်း ရောဂါဘယ ထူပြောလာကြသည်။ တဖန်အစိုးရကလည်း တိရစ္ဆာန်ကု ဆေးဝါးဈေးနှုန်းကို အဆမတန် ကောက်ခံနေလေသည်၊ ရပ်ရွာများ၌လည်း တိရစ္ဆာန်ဆေးကုဆရာဝန်ဦးရေ လုံလုံ လောက်လောက် မရှိကြချေ။ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ လယ်သမားဦးရေ (၆၀၀၀၀) အတွက် တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ယောက်သာ ထားရှိလေသည်။ မြန်မာ့လယ်သမားတို့အား ဓါတ်မြေသြဇာ မှျမှျတတ သုံးစွဲရန်နှင့် ဓါတ်မြေသြဇာကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များအပေါ် နားလည်သဘောပေါက်လာအောင် ပညာပေးထားခြင်းလည်းမရှိပေ။ ဓါတ်မြေသြဇာအား ဂရုတစိုက် မသုံးစွဲမှုကြောင့် သောက်ရေ၊ သုံးရေတို့ ညစ်ညမ်းသွားရလေသည်။ လယ်ကွင်းများတွင် ရေလွှမ်းမိုးလာပါက ဓါတ်မြေသြဇာများသည် မလိုအပ် သောနေရာများသို့ ပြန့်နှံ့ရောက်ရှိသွားကြလေသည်။ နောက်ဆုံး ဤ လယ်သမား အများအပြားမှာ ဓါတ်မြေသြဇာ ဝယ်ယူရန် အစိုးရထံမှ ငွေချေးယူနေရသောကြောင့် မလုံလောက်သော ဝင်ငွေနှင့် အကြွေးသံသရာထဲ၌သာ တဝဲဝဲလည် နေကြရလေ သည်။ ယခုအခါ လယ်သမားတို့မှာ သူတို့မိသားစုအတွက် အာဟာရ ဖြစ်စေသော အစားအစာများ ဝယ်ယူပြီး မစားသောက်နိုင် လောက်အောင် ဆင်းရဲမွဲတေနွမ်းပါးနေကြရပြီဖြစ်သည်။ ယခင်နှင့်မတူဘဲ သူတို့ လယ်ကွင်းများ၌လည်း သားငါး တိရစ္ဆာန်များမှာ ရှားပါးသွားရပြီဖြစ်လေသည်။

NEED
Network for Environment and Economic Development

## ရေရှည်တည်တံ့အောင်မြင်သောစိုက်ပျိုးရေးလုပ်ငန်းဆီသို့ (NEED) မှ အလေးထားဆောင်ရွက်မှု

ကျနော်တို့သည် အဘယ်ကြောင့်ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းကိုအာရုံစိုက်နေပါသနည်း။

ယခုလက်ရှိအခြေအနေစိုက်ပျိုးရေးလောကတွင် တစ်ကမ္ဘာလုံးရှိစိုက်ပျိုးရေးသမားများတို့သည် သီးနှံများ အထွက်တိုးလာစေရန်အတွက် ဓာတုဗေဒပစ္စည်းဖြစ် ပိုးသတ်ဆေးများ၊ ဓါတ်မြေသြဇာများ၊ ပေါင်းသတ် ဆေးများနှင့် အခြားသော အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများကို အသုံးချလာကြသည်။ သို့အတွက် ရလာဒ်မှာကား သစ်တောများ ပျက်စီးလာခြင်း၊ မြေဆီလွှာ၊ ရေ နှင့် လေထုညစ်ညမ်းမှုဖြစ်လာခြင်း၊ သဘာဝ အလျောက်ကျင်လည်ကျက်စားလျက်နေထိုင်ကြသည့် သက်ရှိသတ္တဝါမျိုးစိတ်များ ရှားပါးပြုန်းတီးမှုဖြစ်လာခြင်း စသည့်ဆိုးကျိုးများဖြစ်ပေါ်လာသည်။ စိုက်ပျိုးရေးသမားများ အတွက်လည်းပြည်ပထုတ်ကုန်ပစ္စည်းများ အပေါ် မှီခိုအားထားမှုများပြားလာခြင်း၊ အဖက်ဖက်မှ စီးပွားရေး ဖိအားပေးမှုများ ကို ရင်ဆိုင်နေရခြင်းတို့ကြောင့် လယ်ယာလုပ်ငန်းကို စွန့်ပယ်လာကြပြီး၊ မိမိတို့ရပ်ရွာများမှ ထွက်ခွာလျက်၊ မြို့ပြသို့ ရွှေ့ပြောင်း အလုပ်လုပ်သူ များပြားလာကြသည်။ ဤအချက်များကြောင့်NEED အဖွဲ့အစည်းသည် အရှည်တည်တံ့သော စိုက်ပျိုးရေး လုပ်ငန်းကို အာရုံစိုက်လုပ် ဆောင်နေခြင်းဖြစ်ပေသည်။

ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းအကြောင်းကို အောက်ပါအချက်များဖြင့် သိရှိနိုင်ပေသည်။

- ❒ စီးပွားရေးလည်ပတ်မှုအတွက် အခြေခံအုတ်မြစ်များဖြစ်သော သမမျှတပြီး၊ ဖွံ့ဖြိုးတိုးတက်မှုရှိသော ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များပေါ် အခြေပြုသော ခေတ်သစ်လူမှုရေး နှင့် စီးပွားရေး လုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်နှင့်သက်ရှိအရာများအားလုံးကို သဟဇာတဖြစ်စေလျက် စိုက်ပျိုးခြင်းဖြစ်သည်၊ ဤတွင်လုပ်ငန်းသည် အောင်မြင်ရန်အလားအလာရှိနေမည်၊ လူမှုအဆင့်အတန်းနှင့် ယဥ်ကျေးမှုအစဉ်အလာမပျက်အောင် မြှင့်တင်ပေးနေမည်ဆိုပါလျှင် ၎င်းကို ရေရှည် တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းဟုခေါ် ဆိုနိုင်သည်။ ထို့အပြင် ဘက်ပေါင်းစုံမှ သိပ္ပံနည်းကျ ချဉ်းကပ် စမ်းသပ်စိုက်ပျိုးထားသော နည်းလမ်းဖြစ်ပေသည်။
- ❒ ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းသည် အသွင်ကွဲပြားသော မြောက်မြားစွာသော သစ်ပင်မျိုးစိတ်များ၊ အင်းဆက်ပိုးကောင်များနှင့် တိရစ္ဆာန်မျိုးစိတ်များကို ပေါများကြွယ်ဝ လာစေသည်။ မြေဆီလွှာနှင့် ရေအစိုဓါတ်ကို ထိန်းသိမ်းပေးသည်။ မြေဆီလွှာအာဟာရ ဓါတ်ပေါင်းစုများကို ဖြည့်ဆည်း ပေးပြီး၊တိုးတက်အောင်လုပ်ပေးသည်။ သဘာဝအရင်းအမြစ်များပြောင်းလဲမှုဖြစ်စဉ်နှင့် စွမ်းအင်များ မပျက်စီးအောင်ထိန်းသိမ်းပေးသည်။ ထို့အပြင် အရည်အသွေးကောင်းသော အစားအစာများ၊ အထည်အလိပ်ယက်လုပ်ဖို့ရန် အပင်များနှင့် ဆေးဝါးပစ္စည်း များကို ထုတ်လုပ်ပေးသည်။
- ❒ ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းသည် ဒေသခံအပင်မျိုးစိတ်များကိုသာရနိုင်သမျှ များများ စိုက်ပျိုးသည်။ မိမိဒေသနှင့်သင့်တင့်လျောက်ပတ်သောနည်းပညာများကို အသုံးပြုပြီး ပြင်ပမှ ဝယ်ယူရသောထုတ်ကုန်များကို နည်းနိုင်သမျှနည်းနည်း အသုံးပြုကြလျက်၊ သူတစ်ပါးအပေါ် အမှီအခိုကင်းလျက်၊ ဒေသထွက်ပစ္စည်းများကိုသာ များများ အသုံးပြုခြင်းဖြင့် စိုက်ပျိုးထားသော နည်းလမ်းကောင်းဖြစ်ပေသည်။ ခြံထွက်သီးနှံများသည် မိသားစု စားသောက်ရေးကို ဖူလုံရုံသာမက၊ ရောင်းချခြင်းဖြင့်မိသားစုအတွက်၊ တောရပ်နေလူထု တစ်ရပ်လုံးအတွက် တစ်နှစ်ပတ်လုံးအမြဲတစေ အပိုဝင်ငွေရရှိစေသည်။
- ❒ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးထိန်းသိမ်းရေးမူဝါဒကို လိုက်နာလျက် အပြန်အလှန် အမှီသဟဲပြုနေသော နည်းလမ်းလည်းဖြစ်ပေသည်။ ထို့အပြင် ရှေးပဝေသဏီရိုးရာ ဓလေ့ထုံးတမ်းစဉ်လာအရ စိုက်ပျိုးရေးလုပ်လာကြသော မြေနေရာများကို ခေတ်မီ သိပ္ပံနည်း ကျ သောစိုက်ပျိုးရေးနည်းစနစ်များကို အသုံးပြုလျက် နိုင်ငံတကာရှိ အရပ်ရပ်မှ လယ်သမားများတို့သည် လက်တွေ့အသုံးချစိုက်ပျိုးအောင်မြင်နေကြပေသည်။

ယေဘူယျအားဖြင့် ရေရှည်တည်တံ့သော လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းတွင်အောက်ပါတို့ပါဝင် ကြသည်။

- ❒ ဓာတုဗေဒနည်းဖြင့်ပြုလုပ်ထားသောပစ္စည်းများ မပါဝင်သော သဘာဝစိုက်ခင်းများ

- ❒ အလေ့ကျကောက်ပဲသီးနှံပင်များစိုက်ပျိုးထားခြင်းဖြင့် ပေါင်းမြက်များကိုလည်း အလိုအလျောက် သုတ်သင်ပြီး ဖြစ်နေခြင်း၊ စပါးလင်ပင်ကဲ့သို့ အချို့သောအပင်မျိုးစိတ်ပင်များကြောင့် သီးနှံဖျက်ပိုး များကိုနှိမ်နင်းပြီးဖြစ်ခြင်း၊ လိုအပ်သောနိုက်ထရိုဂျင်ဓါတ်ကိုဖြည့်ပေးခြင်းဖြင့် မြေဆီလွှာများဖွံ့ဖြိုးလာစေခြင်း၊ မြေဆီလွှာ တိုက်စားခြင်းမှ ကာကွယ်ပေးခြင်းနှင့် ပိုးသတ်ဆေးကြောင့် လေ၊ ရေညစ်ညမ်းခြင်း မဖြစ်ရအောင် တားဆီးပေးခြင်းတို့ပြုလုပ်ပေး သည်။

- ❒ သဘာဝနည်းဖြစ်သော အစိမ်းရောင်မြေသြဇာများနှင့် တိရိစ္ဆာန်များသေကြေပျက်စီးခြင်းမှ တစ်ဆင့် ဇီဝဒြပ်ပေါင်းစု ပြိုကွဲခြင်းဖြင့် မြေဆီသြဇာကောင်းခြင်းဖြစ်စေသောနည်းဗျူဟာကို အသုံးပြုလျက် မြေဆီလွှာနှင့်ရေ အစိုဓါတ်ကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည်။

- ❒ လူများ၊ တိရိစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ဘေးဥပါဒ်မဖြစ်စေဘဲ သဘာဝထွက်ပစ္စည်းများ (သို့မဟုတ်) လက်မှုအထည်ပစ္စည်းများကို အသုံးပြုနိုင်ပေသည်။

## မြန်မာပြည်သူလူထုအကြားဖွံ့ဖြိုးရေးအစီအစဉ်စတင်ကျင့်သုံးလာစေရန် NEEDဏ်ပဏာမချဉ်းကပ်မှုများ

မြန်မာပြည်သူလူထုအကြား လူသားဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးစွမ်းရည်များ တည်ဆောက်ကြရာဝယ် အခိုက်အတန့်ပြဿနာတစ်ခုမှာ ပြန်လည်နေရာချထားရေးအစီအစဉ်များ ပြုလုပ် နေကြရခြင်းဖြစ်ပေလိမ့်မည်။ မြန်မာပြည်တွင်း ပဋိပက္ခအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်ကြသူဦးရေ များပြား လာနေပေသည်။ နေရာသစ်တွင်အတည်ကျဖို့ရန်အတွက် ပြန်လည်နေရာချထားရေးကိစ္စတွင် ရံပုံငွေ မြောက်များစွာ ကိုအသုံးပြုကြရသည်။ အချို့မှာ အခြားသောတိုင်းပြည်များသို့ ရွှေ့ပြောင်းခိုလှုံနေထိုင် လာကြ သည်။ သို့အတွက် ရွှေ့ပြောင်းရေးကိစ္စတွင်အသုံးပြုလိုက်ရသော မြောက်များစွာသော ငွေကြေးများမှာ အဟောသိကံ ဖြစ်သွား ရပေ သည်။ ၎င်းသည် စဉ်းစားရမည့်ပြဿနာတစ်ခုဖြစ်လေသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများသည်လည်း အသစ်တဖန်ပြန်လည်နေရာတကျနေထိုင်နိုင်ဖို့ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရပြန်လေသည်။ ထို့ကြောင့် မြန်မာ ပြည်အရေး နှင့်ပတ်သက်ပြီး ဖြေရှင်းရမည့်ပြဿနာ (၂) ရပ် ရှိလာ သည်။

ပထမဆုံးအနေဖြင့် အိုးအိမ်နေရာချထားရေးကိစ္စတွင် ကျွမ်းကျင်မှုရှိစွာဖြင့် အထူးအာရုံစိုက် လုပ်ဆောင်သွား ရပေမည်။ အချည်းနှီးရင်းနှီးမြှုပ်နှံခြင်းမဖြစ်စေရန်ဖြစ်ပေသည်။ ဒုတိယအနေဖြင့် နေရာချထား သော ဒေသတွင်းရှိ လူထုအင်အားဖြင့် မတည် ပေးထားသောရံပုံငွေကို တိုးပွားအောင်လုပ်ဆောင်ခြင်းဖြင့် ပြည်ပအလှူရှင်များ (အနောက်ဥရောပနိုင်ငံများ) လှူဒါန်းငွေကို မှီခိုအားထားလိုစိတ်လျော့နည်းအောင် လုပ်ဆောင် ခြင်းမည်ပေသည်။ လက်ရှိအခြေအနေတွင် မြန်မာပြည်ဖွံ့ဖြိုး တိုးတက်အောင်လုပ်ဖို့ရန် ရံပုံငွေ အထောက် အပံ့မရှိသလောက်နည်းပါးခြင်းမှာ အဓိကအားနည်းချက်တစ်ခုဖြစ်ပေသည်။ မြန်မာနိုင်ငံတွင်း အဖွဲ့အစည်းများ၊ အထူးစီမံကိန်းလုပ်ငန်းများ အသက် ဆက်နိုင်ဖို့ရန်အတွက် ပြင်ပအကူအညီရံပုံငွေများကိုသာ မှီခိုနေရပေသည်။ ဒေသတွင်းရှိ ရံပုံငွေမြှင့်တင်ရေးကိစ္စသည် (ထိုင်းနိုင်ငံနှင့်နယ်စပ်ဧရိယာများအတွင်း နေထိုင်ကြသူများ) အလွန်ပင်ခက်ခဲလှပေသည်။ ဆန့်ကျင်ဘက်အနေဖြင့် အနောက်နိုင်ငံများအတွက်မူ ရံပုံငွေ ရှာဖွေခြင်းကိစ္စသည် လွယ်ကူလှပေသည်။ အကယ်၍သာ မြန်မာပြည်အတွင်းပါဝင်လှုပ်ရှားမှု၊ ထိုင်းနိုင်ငံအတွင်းနှင့် နယ်စပ် ဧရိယာများအတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ဖို့ရန် စိတ်ပါဝင်စားသော ရွှေ့ပြောင်း နေထိုင်သူများရှိပါက၊ ၎င်းတို့ကိုယ်၌ပင်လျှင် ပြင်ပမှချပေးထားသောရံပုံငွေ၊ ထောက်ပံ့ငွေကို တိုးပွားအောင် လုပ်ဆောင်ဖို့ရန်စွမ်းနိုင်ပေသည်။ သူတို့သည်ပင် မြန်မာပြည်ဖွံ့ဖြိုး ပြောင်းလဲမှုဖြစ်စဉ်ကို အကောင်အထည် ဖော်ပေးနိုင်ပေမည်။ ဆိုလိုသည်မှာ မြန်မာပြည်ဘက်ပေါင်းစုံမှ အသွင်ကူးပြောင်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင် ဖို့ရန် ပထမခြေလှမ်းဖြင့် ချဉ်းကပ်နေခြင်းဖြစ်ပေသည်။ ပထမအဆင့် ပြင်ပနိုင်ငံများမှ ရံပုံငွေရယူ ပြီးလျှင် ထိုင်းနိုင်ငံတွင်း နှင့် နယ်စပ်ဧရိယာဒေသများအတွင်း အခြေကုပ်စီမံကိန်းချမှတ်ကာ ၎င်းစီမံကိန်းလုံခြုံစွာဖြင့် အကျိုးရှိရှိလုပ်ဆောင်နိုင်မည့် စွမ်းရည်တက်လာသည်နှင့်အမျှ ပြည်တွင်းသို့ဝင်ရောက်ပြီး မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းကို လက်တွေ့အသုံးချအကောင်အထည်ဖော်နိုင်ပေမည်။ စီမံကိန်း အောင်မြင်ဖို့ရန်မှာ ဘက်ပေါင်းစုံ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးလျက် မြန်မာပြည်သူလူထု (ဒေသခံပြည်သူများ) များနိုင်သမျှ များများပါဝင်လှုပ်ရှားစေခြင်းပင်ဖြစ်ပေသည်။ ဤအခြေအနေတွင် အခြား တိုင်းပြည်များသို့ ရွှေ့ပြောင်းနေထိုင်ကြသော မြန်မာပြည်သားများ များပြားလာမှုသည် တိုင်းပြည်၏ အကျိုးယုတ်မှုလက္ခဏာတစ်ခုပင်ဖြစ်ပေသည်။ သို့သော်လည်း အကောင်းဖက်ကစဉ်းစားရမည်ဆိုပါလျှင် ၎င်းရွှေ့ပြောင်းသူ လူများသည်ပင်လျှင် မြန်မာပြည်ဘက်ပေါင်းစုံဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ပေးနိုင်မည့် အမာခံ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြသည်။

ဤလုပ်ငန်းစီမံကိန်းသည် မဆိုစလောက်သော နေရာမှ စတင်ပြီး ၊ တစ်မိသားစုမှသည် တစ်ကျေး ရွာလုံး၊ တစ်မြို့နယ်လုံး နောက်ဆုံးမြန်မာပြည်တစ်ခွင်လုံးဆီသို့ ပျံ့နှံ့စီးဆင်းသွားပြီး၊ ရေရှည်ကာလဖွံ့ဖြိုး တိုးတက် ရေးကို ဦးတည်နေပေသည်။

# ကိုးကားချက်များ


- ၂၀၀၆–ခုနှစ် NEED အလုပ်သင်သင်တန်းသား(၅)ဦးနှင့် ကျော်ငြိမ်းထွန်း၏ သုတေသနစာတမ်းမှ
  "မီးလောင်နေသော ဒီရေတောများနှင့်ဒေသခံပြည်သူများ၊"
- ကမ္ဘာ့စားနပ်ရိက္ခာ၊ ကမ္ဘာ့ဘဏ်ဌါန ကိုယ်စားလှယ်များ၏ "သဘာဝပတ်ဝန်းကျင်နှင့် ရေငံပုစွန်မွေးမြူရေး"
- ကျွန်းသား ငါးမာန်း "ရခိုင်ကမ်းရိုးတန်းဒေသ ငါးဖမ်းလုပ်ငန်း (၂၀၀၃)"
- ခိုင်ဝင်းရွှေ၏၂၀၀၆ ခုနှစ်ပုံနှိပ်ထုတ်ဝေသော "ဒီရေတောများနှင့် ဒေသခံရခိုင်လူမျိုးများ၏သက်မွေးဝမ်းကျောင်း"
- "မြန်မာ့ဓန" အမှတ်–၁၈၄ (၂၀၀၅) ခု၊ စာမျက်နှာ –၁၁၃
- "စိုက်ပျိုးရေးမွေးမြူရေး၊ သစ်တောနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများရေရှည်ဖွံ့ဖြိုးတိုးတက်မှု"
  မြန်မာ့ပြန်ကြား ရေးဝန်ကြီးဌါန (၂၀၀၅) ၊ စာမျက်နှာ(၃၃)
- "ဖလားဝါးနယူးဂျာနယ်" မြန်မာနိုင်ငံ (၁၁) ရက်၊ နိုဝင်ဘာလ၊ ၂၀၀၅၊ စာမျက်နှာ (၈)
- "မြန်မာ့ဆန်စပါးဈေးကွက်သမိုင်း" မြန်မာ့ပြန်ကြားရေးဝန်ကြီးဌါန (၂၀၀၅) စာမျက်နှာ (၃၄)
- "မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ၂၀၀၆ ခုနှစ်အတွင်း ရွှေ့ပြောင်းခံရမှုများကို လေ့လာခြင်း "(TBBC)
- အာရှပတ်ဝန်းကျင်ပုံရိပ်များနှင့် ပန်ကချင်ဖွံ့ဖြိုးရေးအဖွဲ့အစည်းမှ
  "တန်ဖိုးဘယ်လောက်ရှိသလဲ၊ မြန်မာနိုင်ငံ ကချင်ပြည် နယ်ရှိ ရွှေတွင်းအကြောင်း" စာမျက်နှာ (၃၇) ၂၀၀၄ ခုနှစ်
- AECN အဖွဲ့ဝင်များဖြစ်သောထွန်းတင်နှင့် ထွန်းလင်းတို့၏အောက်တိုဘာ ၂၀၀၅ "ရခိုင်ဒေသသို့ သုတေသနခရီး"
- http://www.burmaissues.org/En/Newsletter/BI News 2002-09.php
- http://www.narinjara.com
- http://www.hrw.org
- Lewis, R. R; Philipps, M; J; clough, B; Macintosh, D. J;
- NEED ၏အမှုဆောင်ညွှန်ကြားရေးမှူးသုတေသနပြုလုပ်သူ ခိုင်စုဝံ၏ "၂၀၀၅ ခုနှစ် ရခိုင်ဒေသသို့ သုတေသနခရီး"
- NEED သုတေသနဒေသတွေ့ဆုံမေးမြန်းချက်။
- Tacon, A .G .J;
- www.modils-net/myanmarinfo/state-division/rakhine.htm
- www.shwe.org

NEED

မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွန်ယက်

